မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၈)

ဗိုလ်တာဝန်အရေး (၃) ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်များအား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော်များ၊ ၂၀၁၂ ခုနှစ် ဘွဲ့ခံဆရာတော်များနှင့် ဘွဲ့ခံသီလရှင်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မတ် ၆ ရက်)

ထုတ်၍သုံး၍ မကုန်နိုင်သော ဘဏ်တိုက်ကြီးများ

မြန်မာတစ်နိုင်ငံလုံးတွင် ယခုအခါ ကျေးရွာတိုင်းနီးပါး စာကြည့်တိုက်များ ထူထောင်ပေးထားပြီဖြစ်သည်။ ထိုစာကြည့်တိုက်များသည်ကား ကျေးလက်ဒေသနေပြည်သူတစ်ရပ်လုံး၏ ဗဟုသုတဘဏ်တိုက်များပင်ဖြစ်၏။ ထိုဘဏ်တိုက်အသီးသီးသို့သွားရောက်ကာ လိုအပ်သမျှ ဗဟုသုတများ အချိန်ရှိသရွေ့ ထုတ်ယူကြပေကုန်လော့။ စာပေများ ဖတ်မှတ်ကြကုန်လော့။ နှီးနှောဆွေးနွေးကြကုန်လော့။

ငွေဘဏ်တိုက်တို့သည်ကား ထုတ်ယူသူများလျှင် ကုန်ခန်းပေလိမ့်မည်။ ဗဟုသုတဘဏ်တိုက်များမှာ ထိုသို့မဟုတ်။ များများထုတ်ယူနိုင်၏။ အချိန်ရှိသရွေ့ ထုတ်ယူနိုင်၏။ များများထုတ်ယူနိုင်လျှင် များများရမည်ဖြစ်၏။ များများထုတ်ယူနိုင်သဖြင့် မြန်မြန်လည်း ကြီးပွားနိုင်၏။ ဘဝတိုးတက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာနိုင်၏။

ထိုစာကြည့်တိုက်တို့သည်ကား သင့်အား ''လာလော့ရှုလော့၊ ဖတ်ကြမှတ်ကြကုန်လော့၊ ဗဟုသုတများရယူကြကုန်လော့''ဟူ၍ လက်ယပ်ဖိတ်ခေါ်နေကြကုန်ပြီ။ ဗဟုသုတများပေးရန် အသင့်ရှိနေကြပြီ။ လူကြီးလူငယ် လူလတ်မရွေး၊ ကျားမ မရွေး၊ အယုတ်အလတ်အမြတ်မရွေး အလှူအိမ်ထမင်းကျွေးသကဲ့သို့ စာပေသုတများ ဝင်ရောက်စားသုံးနိုင်ကြပြီ။ မြည်းစမ်းနိုင်ကြပြီ။ ဖတ်မှတ်နိုင်ကြပြီ။

''ကျုပ်တို့ကတော့ဗျာ... တစ်နေကုန်တစ်နေခန်း အလုပ်နဲ့လက်နဲ့ ပြတ်ရတယ်မရှိပါဘူး။ အားကိုမအားရပါဘူး။ ဘယ်ကလာ စာဖတ်ချိန်ရှိမှာလဲ''ဟူ၍ ပြောသူများ ရှိကောင်းရှိပေလိမ့်မည်။ မှန်၏။ အလုပ်သမား၊ လယ်သမားတို့သည်ကား နေထွက်နေဝင် အလုပ်လုပ်ကြရ၏။ သို့သော် ညပိုင်းအိပ်ရာမဝင်မီအချိန်သည် ကိုယ်ပိုင်အချိန်ဖြစ်ပေလိမ့်မည်။ ထိုအချိန်သည် အားလပ်၏။ ထိုအိပ်ရာမဝင်မီအချိန်ထဲမှ တစ်နေ့နာရီဝက်၊ တစ်နာရီခန့် အချိန်ဖဲ့ပေးပြီး စာဖတ်ချိန်ပေးသင့်၏။ စာဖတ်ခြင်းကို ဝါသနာပါသူလည်းရှိမည်။ ဝါသနာမပါသူလည်းရှိမည်။ သို့သော် စာဖတ်ခြင်းကား လွန်စွာအကျိုးများ၏။

နေ့စဉ်သတင်းစာ၊ ဂျာနယ်များ ဖတ်ခြင်းဖြင့် ယနေ့မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေများ သိနိုင်၏။ မဂ္ဂဇင်း၊ ဝတ္ထုများဖတ်ခြင်းဖြင့် သုတရသကို ပေးစွမ်းနိုင်၏။ လူငယ်အကျိုးပြုစာပေများ ဖတ်ရှုခြင်းဖြင့် ဘဝတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်နိုင်၏။ သမိုင်းစာပေများ ဖတ်ရှုခြင်းဖြင့် သမိုင်းယဉ်ကျေးမှုတန်ဖိုးကို နားလည်နိုင်၏။ သိပ္ပံစာပေများ ဖတ်ရှုခြင်းကြောင့် တီထွင်တတ်သည့် အလေ့အထကိုရနိုင်၏။ ဗုဒ္ဓစာပေများ ဖတ်ရှုခြင်းဖြင့် ယဉ်ကျေးလိမ္မာစေနိုင်၏။ ဝိပဿနာတရားစာပေများ လေ့လာလိုက်စားခြင်းဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို သိနိုင်၏။ ထို့ကြောင့်ပင် စာပေသည် ဟင်းလေးအိုးကြီးဖြစ်သည်ဟု ဆိုကြခြင်းဖြစ်၏။

တစ်ဖန် ကျေးလက်စာကြည့်တိုက်မှူးများ၊ ကျေးရွာတာဝန်ရှိသူများအနေဖြင့်လည်း ကျေးလက်ဒေသနေပြည်သူများ စာဖတ်သည့်အလေ့အထရှိစေရန် ဆွဲဆောင်သင့်၏။ စီမံပေးသင့်၏။ စာကြည့်တိုက်များရှိသော်လည်း ပိတ်ထားလျှင် မည်သို့မျှအကျိုးထူးမည်မဟုတ်ပေ။ စာကြည့်တိုက်များသို့ နောက်ဆုံးထုတ်သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ အသစ်အသစ်တို့ ဖြည့်ဆည်းပေးသင့်၏။ သို့မှသာ စာဖတ်သူရှိမည်ဖြစ်၏။ အဟောင်းအဟောင်းသော စာအုပ်စာပေများကိုလည်း မပျောက်ပျက်ရန် ထိန်းသိမ်းသင့်၏။ စာပေသည် ဟောင်းလေတန်ဖိုးရှိလေဖြစ်၏။

အချို့သောသူများသည် အသက်ကြီးလာသဖြင့် မျက်စိမကောင်း၍သော်လည်းကောင်း၊ ဝါသနာမပါ၍သော်လည်းကောင်း၊ စာမဖတ်တတ်၍သော်လည်းကောင်း စာမဖတ်ချင်ကြပေ။ ထိုအခါ စာနားထောင်ရ၏။ စာနားထောင်သည်ဆိုခြင်းမှာ စာဖတ်ကောင်းသူတစ်ဦးတစ်ယောက်က စာနားထောင်သူ ပရိသတ်ရှေ့မှ မတ်တတ်ရပ်ကာ ကောင်းနိုးရာရာစာပေများ ဖတ်ရှုပြခြင်းပင်ဖြစ်၏။ ဤနည်းဖြင့် စာပေဗဟုသုတများ တိုးပွားနိုင်၏။ ထိုတိုးပွားလာသော ဗဟုသုတများကို အချင်းချင်း အပြန်အလှန် ဆွေးနွေးနိုင်၏။ နှီးနှောနိုင်၏။ ဖလှယ်နိုင်၏။

သို့ပါသောကြောင့် ကျေးလက်ဒေသနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများရှိ ကျေးလက်စာကြည့်တိုက်များ၊ သုတဘဏ်တိုက်များသို့သွားရောက်ကာ ဗဟုသုတများရှာမှီးသင့်ပေသည်။ စာမဖတ်လျှင် ခေတ်နောက်ကျသွားနိုင်သည်။ မျက်စိနှင့်နားကို ပိတ်ထားရာရောက်သည်။ တကယ်တော့ စာကြည့်တိုက်များသည် ထုတ်၍သုံး၍ မကုန်နိုင်သော၊ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ထောက်ကူပေးနေသော ဘဏ်တိုက်ကြီးများပင် ဖြစ်ပေတော့သည်။ ။

တီဘီရောဂါအကြောင်း အသိပေးရှင်းလင်းပွဲ ကျောင်းကုန်းမြို့နယ်၌ ကျင်းပ

ကျောင်းကုန်း မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်တွင် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး **(အောက်ပုံ)**နှင့် မိခင်နှင့်ကလေးဆရာဝန်တို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးကျန်းမာရေးမြှင့်တင်သူများ၊ ဆေးတက္ကသိုလ်(၁)မှ ဆေးကျောင်းသား ကျောင်းသူများ၊ ကျေးရွာများမှ ဆေးရုံလူနာစောင့်များအား တီဘီရောဂါအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဗိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကော်ဖီ၊ လက်ဖက် စိုက်ပျိုးရေးနည်းပညာ ပြင်ဦးလွင်၌လေ့လာ

သံတောင်ကြီး မတ် ၅

သံတောင်ကြီးမြို့နယ်၌ ကော်ဖီ၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းကောင်းသော သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း ဦးဆောင်သော လက်ဖက်၊ ကော်ဖီစိုက်ပျိုးရေး နည်းပညာလေ့လာရေးအဖွဲ့သည် ပြင်ဦးလွင်မြို့သို့ ဖေဖော်ဝါရီ ၂၅ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် ပြင်ဦးလွင်ရှိ နှစ်ရှည်ပင်စိုက်ပျိုးမွေးမြူရေးဌာန (စိုက်မွေး) ပွေးတောင်ခြံ ကော်ဖီ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု၊ ဒိုးကွင်းရွာရှိ ရွှေပုစွန်ကုမ္ပဏီ ကော်ဖီခြံ၊ ဒိုးကွင်းကျေးရွာတွင် ဖွင့်လှစ်ထားသော တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း ကော်ဖီမှုန့်ထုတ်လုပ်မှု၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်း ဟင်းသီးဟင်းရွက်နှင့် သစ်ခွစိုက်ပျိုးရေးနည်းပညာ၊ မန္တလေး-လားရှိုး လမ်းမပေါ်ရှိ ကော်ဖီမှုန့်စက်ရုံတို့ကို လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးသားဖောက်မွေးမြူခြင်း အုတ်ဖိုမြို့နယ်၌ သရုပ်ပြ

သာယာဝတီ မတ် ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း အထောက်အကူဖြစ်စေရန်နှင့်ကျေးရွာများတွင် ကိုယ်တိုင်ငါးသားဖောက် မွေးမြူတတ်ရန်အတွက် ရွှေဝါငါးကြင်း သားဖောက်ခြင်း လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုငါးလုပ်ငန်းစခန်း၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ဝေ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ ရှစ်မြို့နယ်မှ သမဝါယမဦးစီးဌာနမှူးများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ အင်းလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး စခန်းတာဝန်ခံဦးသန်းနိုင်က ကန်အတွင်း ရွှေဝါငါးကြင်းသားဖောက်ခြင်း အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ ချေးငွေများပေးအပ်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်က ထန်းတပင်မြို့နယ် ခနဲရိ ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ဒုတိယအကြိမ် ချေးငွေများထုတ်ချေး ပေးအပ်ပွဲ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အသင်းတိုးတက်ရေးနှင့် ချေးငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ခနဲရိ ကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ ဒို့လယ်သမား လယ်ယာကုန်ထုတ်အသင်းအား ထုတ်ချေးငွေနှင့် စုဆောင်းငွေ နှစ်ရပ်ပေါင်း ငွေကျပ် ၆၈၂ သိန်းကို အသင်းဥက္ကဋ္ဌ ဦးသန်းရွှေထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၈)

သုဂတိစေတနာ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်

ပခုက္ကူ မတ် ၅

ပခုက္ကူမြို့ အမှတ်(၁၂) ရပ်ကွက်တွင် သုဂတိစေတနာ လူမှုကူညီရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော သုဂတိစေတနာကုသိုလ်ဖြစ်ဆေးခန်းကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောကြိုင်(ပါမောက္ခ(ငြိမ်း))၊ သုဂတိစေတနာကုသိုလ်ဖြစ် ဆေးခန်း ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် ဆေးခန်းကြီးကြပ်ရေးမှူး ဦးကောင်းဆင့်တို့က ဖေဖော်ဝါရီ ၁၂ ရက်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ယာပုံ)** ပခုက္ကူမြို့ အမှတ်(၁၂) ရပ်ကွက်ရှိ စေတနာရှင် အလှူရှင် ၂၄ ဦးတို့က မတည်အလှူငွေကျပ် ၁၅ သိန်းဖြင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ သုဂတိစေတနာကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေးရောဂါဝေဒနာခံစားနေရသူများအား ဆေးဝါးကျွမ်းကျင်ပညာရှင်များက စေတနာဖြင့် ကုသရေးကို အခမဲ့ကုသိုလ်ဖြစ် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

သုဂတိစေတနာကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် စနေနှင့် ဗုဒ္ဓဟူးနေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆေးခန်းကို ကုသိုလ်ဖြစ်ဆေးကုသရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဒေါ်ဌေးဌေး၊ ဒေါက်တာသီဂီဆွေ (ပခုက္ကူဆေးရုံကြီး)နှင့် ဒေါက်တာတင်အောင်ချို (ချမ်းမြေ့ဆေးခန်း)တို့က ကြီးကြပ်ကုသပေးမည်ဖြစ်ပြီး ကုသိုလ်ဖြစ်သူနာပြု ဆရာ ဆရာမများအဖြစ် ဒေါ်နုနုဝင်း၊ဦးကျော်ညီညီလွင် (ပခုက္ကူဆေးရုံကြီး)၊ ဒေါ်နန်းဆွေမြင့် (မိခင်နှင့်ကလေး)နှင့် ဒေါ်ငြိမ်းငြိမ်းသန့် (သားဖွားဆရာမ)တို့က ပြုစုစောင့်ရှောက်ကူညီသွားမည်ဖြစ်သည်။ သုဂတိစေတနာကုသိုလ်ဖြစ် ဆေးခန်းသို့ အပတ်စဉ် လူနာ ၁၅၀ကျော် လာရောက်ကုသလျက်ရှိကြောင်း သိရှိရသည်။ (ဝ၁၂)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဟောပြော

မော်လမြိုင်ကျွန်း မတ် ၅

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော တရားမဝင်သစ်ထုတ်လုပ်မှုလျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက ညောင်တုန်းစုကျေးရွာအုပ်စုရှိ ညောင်တုန်းစုရွာမဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ယင်းအသိပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ညွန့်က တရားမဝင် သစ်ထုတ်လုပ်မှုလျှော့နည်း ပပျောက်ရေး၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။(ဝ၆၅)

အလုပ်သမားတစ်ဦးတစ်ယောက်သည် သတ်မှတ်ထားသည့်အချိန်ထက်ပို၍ အချိန်ပိုလုပ်ရပါက တည်ဆဲဥပဒေများအတိုင်း ထိုအချိန်ပိုနာရီအတွက် မိမိသာမန်ရရှိသည့်အခနှုန်း၏ နှစ်ဆခံစားရမည်

✻ *ကျော်ဖုံးမှ*

မီဒီယာလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သည့် (၇)နှစ်၊ (၈)နှစ်မှစ၍ မီဒီယာလုပ်ငန်းများ ထိရောက်အောင်မြင်ရန်နှင့် နိုင်ငံတော်၏ငွေကြေးကုန်ကျမှု သက်သာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ Forever Media Group နှင့်ပူးပေါင်းပြီး Channel-4 နှင့် ဆက်စပ် ရုပ်သံလိုင်းများကို ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ Sky Net Media နှင့် ပူးပေါင်းပြီး Myanmar International ရုပ်သံလိုင်းအပါအဝင် ဆက်စပ် Sky Net ရုပ်သံလိုင်းများကို ထုတ်လွှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရေဒီယိုအသံလွှင့်အပိုင်းတွင်လည်း မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှုအပြင် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်းပြီး မန္တလေး FM၊ ပတ္တမြား FM၊ ရွှေ FM၊ ပဉ္စဝတီ FM၊ ချယ်ရီ FM၊ ပုဂံ FM စသည်ဖြင့် FM အသံလွှင့်လိုင်းပေါင်း (၆)လိုင်းကို အောင်အောင်မြင်မြင် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ခဲ့သည့်အပြင် မီဒီယာလွှမ်းခြုံနိုင်မှု အပိုင်းတွင်လည်း ရှိရင်းစွဲထက် များစွာ ပိုမိုကျယ်ပြန့် ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ မိမိတို့၏ ယဉ်ကျေးမှုနှင့် မကိုက်ညီသည်များကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေးကိုပါ များစွာ အထောက်အကူပြုနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ မီဒီယာကဏ္ဍဆိုင်ရာ လိုအပ်ချက်များအပေါ် မူတည်ပြီး ပြည်တွင်းပုဂ္ဂလိက မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်ပမီဒီယာများနှင့်လည်း ပူးပေါင်းပြီး ပူးတွဲထုတ်လုပ်ပြသရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ ယူနန်တီဗွီနှင့်ပူးပေါင်းပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို ပူးတွဲထုတ်လုပ်ဖြန့်ချိပြသရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် ယူနန်ရုပ်ရှင်ထုတ်လုပ်ရေးနှင့်ပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကား ပူးတွဲထုတ်လုပ်ပြသရန်လည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်တွင်းမီဒီယာများအတွက် ရုပ်သံထုတ်လွှင့်ခွင့်ကိုပါ ခွင့်ပြုပေးခြင်းဖြစ်ပြီး ပြည်ပမီဒီယာများနှင့် ဆောင်ရွက်ရာတွင်မူ နှစ်ဖက်ပူးတွဲထုတ်လုပ်ခြင်း၊ နှစ်နိုင်ငံအပြန်အလှန်ပြသခြင်း၊ ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်၍ အကျိုးအမြတ်ကို ခွဲဝေခံစားခြင်းစသည့်မူများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဦးအေးမောင်၏ ဆွေးနွေးချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမီဒီယာများအနေဖြင့် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ မီဒီယာလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်အနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များတွင် တိုင်းရင်းသားအစီအစဉ်များကို အချိန်ပေးကဏ္ဍခွဲပြီး ထုတ်လွှင့်ပေးရန် ဆွေးနွေးခဲ့ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဦးတည်ချက်များထား၍ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားအစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်ပေးနိုင်ရန်ကိုလည်း အစဉ်တစိုက် အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းနေပြီဖြစ်သည့် အသံလွှင့်စက်အဟောင်းများနေရာတွင် ရေဒီယိုထုတ်လွှင့်စက်အသစ်များကို ဝယ်ယူတပ်ဆင်နိုင်ခဲ့သည့်အတွက် ယခင်က တိုင်းရင်းသားဘာသာ (၈)မျိုးသာ ထုတ်လွှင့်ပေးနိုင်ခဲ့ရာမှ ယခုအခါ တိုင်းရင်းသားဘာသာ(၆)မျိုးကို ထပ်မံတိုးချဲ့ပြီး စုစုပေါင်း တိုင်းရင်းသားဘာသာ(၁၄) မျိုးအထိ တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထုတ်လွှင့်ချိန်အနေဖြင့် ယခင်က နေ့စဉ် ၄ နာရီသာ ထုတ်လွှင့်ပေးနိုင်ခဲ့ရာမှ ယခုအခါနေ့စဉ် ၁၂ နာရီအထိ တိုးတက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့ရုပ်မြင်သံကြားတွင်လည်း တိုင်းရင်းသားအစီအစဉ် သီးခြား Channel တစ်ခုတိုးမြှင့် ထုတ်လွှင့် ပေးရန်ဆိုပါက ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ စက်ပစ္စည်းအချို့ အသစ်ဝယ်ယူတပ်ဆင်ရန် လိုအပ်သကဲ့သို့ လက်ရှိ ရှိနေသည့် Band Width အတွင်းမှ ထုတ်လွှင့်နိုင်အောင်လည်း ပေါင်းစပ်ပြောင်းလဲစီစဉ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ အဆင့်ဆင့် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖော်ပြပါလုပ်ငန်းစဉ်များကို လာမည့်ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ပြီး အစစအဆင်သင့်ဖြစ်သည့် အချိန်တွင် တိုင်းရင်းသားအစီအစဉ်များကို အချိန်ပေးကဏ္ဍခွဲပြီး ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

ဦးခက်ထိန်နန်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအဆင့်ဆင့်တွင် အခြားတိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာယဉ်ကျေးမှုများကိုပါ ထည့်သွင်း၍ ထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန် ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ယခုနှစ်စဉ် ကျင်းပနေသည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် လူမျိုးစုပေါင်း (၁၀၀) ကျော်ပါဝင်သည့် တိုင်းရင်းသားအားလုံးအတွက် တစ်ပြေးညီ တန်းတူ ယှဉ်ပြိုင်နိုင်သည့် ယူနစ်တူသော ပြိုင်ပွဲတစ်ရပ်ကို ထည့်သွင်းကျင်းပပေးရန်ဆိုသည်မှာ အလွန်ခက်ခဲပါကြောင်း၊ တိုင်းရင်းသား အဆို၊ အက အားလုံးသည် တစ်မျိုးတစ်ဘာသာစီ တစ်သွင်ဆန်းပြီး ခမ်းနားထည်ဝါသော ရိုးရာအမွေအနှစ်များ ဖြစ်ကြသည့်အတွက် ၎င်းအဆို၊ အကများကို ယှဉ်ပြိုင်စေပြီး အမှတ်ပေးရန်၊ နှိုင်းယှဉ်ရန်၊ အရှုံးအနိုင်ခွဲခြားရန်ဆိုသည်မှာ မဖြစ်နိုင်သကဲ့သို့ဖြစ်လည်း မဖြစ်သင့်ပါကြောင်း။

ထို့ကြောင့် မိမိပြည်နယ်များအတွင်း၌ အကျုံးဝင်သော သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု အနုပညာများကိုသာ အချင်းချင်းယှဉ်ပြိုင်သီဆို၊ တီးမှုတ်၊ ကခုန်နိုင်အောင် ဒေသဆိုင်ရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာအမွေအနှစ် အနုပညာဆိုင်ရာ ကျွမ်းကျင်သူများနှင့်တိုင်ပင်ညှိနှိုင်း နည်းလမ်းရှာပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လူမျိုးစုများအပေါ် လွှမ်းခြုံစဉ်းစားပြီး အားလုံးက သဘောတူလက်ခံနိုင်သော ပြိုင်ပွဲများ ကျင်းပသွားနိုင်အောင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အဆင့်တွင် အောင်မြင်မှုရရှိကြသည့် အဆို၊ အက၊ အရေး၊ အတီးပညာရှင်များအား ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပသည့်အခါ အထူးဧည့်သည်အဖြစ် ဖိတ်ကြား၍ ဂုဏ်ပြုဖျော်ဖြေစေခြင်း၊ သီးခြားဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးစုအားလုံး၏ အနုပညာ ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဦးခက်ထိန်နန်၏ ယဉ်ကျေးမှုတက္ကသိုလ်တွင် တိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာအနုပညာယဉ်ကျေးမှုများကိုပါ သင်ကြားပေးရန် ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်နှစ်ခုတွင် စတင်ဖွင့်လှစ်စဉ်ကတည်းက တိုင်းရင်းသားရိုးရာ ဂီတနှင့်တူရိယာပစ္စည်းများ သမိုင်းဘာသာရပ်ကို ထည့်သွင်းပို့ချ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားများ၏ပေါ်လွင်ထင်ရှားသော အဆို၊ အက၊ အတီး အနုပညာများကိုလည်း အခြေခံသင်ရိုးတစ်ရပ်အဖြစ် လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ပြည်ပသို့ သွားရောက်ဖျော်ဖြေသော ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များတွင် တိုင်းရင်းသားနှင့် တိုင်းရင်းသား ယဉ်ကျေးမှုများ ပါဝင်စေရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ပသို့သွားရောက်ဖျော်ဖြေသော ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်လျက်ရှိသကဲ့သို့ တိုင်းရင်းသားရိုးရာ အဆို၊ အက အစီအစဉ်များလည်း ပေါင်းစပ်ပါဝင်လျက်ရှိပါကြောင်း၊ ဆွေးနွေးချက်နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍ ပြည်ပယဉ်ကျေးမှုခရီးစဉ်များကို ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာပြည်နယ်အတွင်း ယဉ်ကျေးမှုအနုပညာဆိုင်ရာ ထူးချွန်ဆုများရရှိထားသော တိုင်းရင်းသားပညာရှင်များအား အခါအားလျော်စွာ ပါဝင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် အလေးထားပြီး ယနေ့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဆောင်ရွက်နိုင်သည်များကိုလည်း အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကိုလည်း အနာဂတ်တွင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စီမံကိန်းလုပ်ငန်းများ အနက် ပြီးစီးလာနိုင်တော့မည့် ဆည်တာတမံများ၊ ဆည်ရေသောက်စနစ်များအား ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ရာသီဥတု ထိန်းသိမ်းနိုင်ခြင်း အကျိုးကျေးဇူး၊ မိုးကြီးရေနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်ခြင်း အကျိုးကျေးဇူး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိနိုင်ခြင်း အကျိုးကျေးဇူး၊ ပတ်ဝန်းကျင်တစ်လျှောက် ကျေးရွာများအားလုံး အလုပ်အကိုင် အခွင့်အလမ်းအပါအဝင် ဝင်ငွေများ မလွဲမသွေ တိုးတက်ခံစား ရရှိစေနိုင်မည့် အကျိုးကျေးဇူးများအပါအဝင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့၊ ရွာ ဒေသများတွင် ဆည်တာတမံ၊ မြောင်းစနစ်များအပေါ် ဖြစ်ပေါ်လာသည့် တာပေါင်လမ်းများကြောင့် မြို့ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများအား ဒေသနေ လူထုအတွက် အကျိုးခံစားရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်တိုးပွားလျက်ရှိသော လူဦးရေနှင့်စားနပ်ရိက္ခာဖူလုံမှု လိုအပ်ချက်အပေါ်တွင် သီးနှံကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးရန် စီမံကိန်းအရ လိုအပ်ချက်ကို ဦးစားပေး ရင်းနှီးမြှုပ်နှံပေးမှသာလျှင် လူထုအတွက်အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံမှုကို ရေရှည်လုံခြုံစိတ်ချရမည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေအား နိုင်ငံတော်၏ အကျိုး၊ နိုင်ငံသားပြည်သူများ၏အကျိုး၊ တောင်သူလယ်သမားထု၏ အကျိုးအတွက် အထိရောက်ဆုံး မှန်ကန်စွာ အသုံးပြုနိုင်ရေးနှင့် အလေအလွင့်မရှိစေရေးအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ပြည့်စုံစွာဖြင့် စနစ်တကျ အသုံးပြုနိုင်ရေး အထူးအလေးထား ကြပ်မတ်လုပ်ဆောင် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ စိုက်ပျိုးစရိတ်ငွေကြေး အရင်းအနှီးအပါအဝင် အဘက်ဘက်မှ လိုအပ်ချက် အခက်အခဲများစွာ ရှိနေကြသည့် နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများနှင့် နိုင်ငံသားအားလုံးတို့၏ ရေတို၊ ရေရှည် အမျိုးသားရေး အကျိုးစီးပွားကို အမျိုးသားရေးအမြင်ဖြင့် ရှေးရှုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လယ်ယာကဏ္ဍနှင့် ပတ်သက်သော အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ အသုံးစရိတ်ဆိုင်ရာ စိစစ်ထောက်ခံတင်ပြချက်အပေါ်တွင် ဓမ္မဓိဋ္ဌာန် ကျစွာ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အကြီးစားဒီဇယ်အင်ဂျင်စီမံကိန်း(သာဂရ) ပြီးစီးသွားပါက ရထားပို့ဆောင်ရေး ဝန်ကြီးဌာနတွင် ဖြစ်ပေါ်လာမည့် မီးရထားလုပ်ငန်းအတွက် မီးရထားစက်ခေါင်းတွဲများ၊ အလတ်စားရေယာဉ်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် လိုအပ်မည့်အကြီးစား ဒီဇယ်အင်ဂျင်များကို ထုတ်လုပ်ပေးနိုင်မည့်အပြင် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ Automobile Mould & Die, Jigs & Fixture စီမံကိန်းပြီးစီးသွားပါက အချို့သောပစ္စည်းအစိတ်အပိုင်းများကို ပြည်တွင်း၌ပင် တိုးမြှင့်ထုတ်လုပ်နိုင်မည့်အပြင် ဈေးကွက်လိုအပ်ချက်အရ ထပ်မံထုတ်လုပ်မည့် မော်တော်ယာဉ်ပုံစံသစ်များအတွက် ပစ္စည်းအစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

Automobile Axle စီမံကိန်းပြီးစီးသွားပါက ပြည်တွင်းမှထုတ်လုပ်သွားမည့် မော်တော်ယာဉ်များအတွက် လိုအပ်သည့် Axle အမျိုးမျိုးအား ထုတ်လုပ်ပေးနိုင်သော ခေတ်မီနည်းပညာများရရှိမည်ဖြစ်ပါကြောင်း၊ 90HP Engine စီမံကိန်း ပြီးစီးသွားပါက Myanmar Double Cab & Myanmar Single Cab မော်တော်ယာဉ်နှင့် အလားတူ မော်တော်ယာဉ်များအတွက် 90HP Engine များကို ပြည်ပမှ ဝယ်ယူတင်သွင်းရန် မလိုအပ်တော့ဘဲ ပြည်တွင်း၌ပင် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည့်အပြင် ထုတ်လုပ်သည့်နည်းပညာကိုလည်း ရရှိမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မှန်စက်ရုံစီမံကိန်း ပြီးစီးသွားပါက ပြည်သူလူထုအနေဖြင့် ဈေးနှုန်းချိုသာသော မှန်ကြည်၊ အရောင်မှန်၊ လွှာထပ်မှန်၊ အားဖြည့်မှန်နှင့် ကြည့်မှန်များ ဝယ်ယူအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ သတင်းစာစက္ကူစက်ရုံစီမံကိန်း(သာပေါင်း) ပြီးစီးသွားပါက ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသည့် သတင်းစာနှင့် ဂျာနယ်များ ရိုက်နှိပ်အသုံးပြုနေရသော စက္ကူအမျိုးအစားများကို ပြည်ပမှ ဝယ်ယူတင်သွင်းရန် မလိုအပ်တော့ဘဲ ပြည်တွင်း၌ပင် ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကြီးမားသော စက်ရုံများအား ပုဂ္ဂလိကအနေဖြင့် ဖက်စပ်လုပ်ငန်းသဘောမျိုး ရင်းနှီးမြှုပ်နှံရန် လတ်တလော အခက်အခဲရှိနေပါသောကြောင့် နိုင်ငံတော်ကပင် အချိန်ကာလတစ်ခုအထိ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သည့် စက်ရုံများကို ပိတ်သိမ်းရမည်ဆိုပါကလည်း မလိုလားအပ်သော လူမှုဘဝမတည်ငြိမ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် စက်ရုံများပိတ်သိမ်းခြင်းကိစ္စကို ချင့်ချိန်၍ လိုအပ်မှသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ယခုကဲ့သို့ အသုံးစရိတ်များ တောင်းခံရန်မရှိသလောက် နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် တွဲဖက်လျက်ရေရှည်ထိန်းသိမ်းနိုင်မည့် စီးပွားရေးကြီးထွားမှုရရှိနိုင်ရေး ချမှတ်ထားသော စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ၊ မျှော်မှန်းထားသည့် ရည်မှန်းချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Public Private Partnership မူဝါဒကိုလည်း ရေးဆွဲလျက်ရှိပါကြောင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စက်မှုဝန်ကြီးဌာနနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်စဉ်းစား သုံးသပ်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်း ဆွေးနွေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ ၂၀၁၂-၂၀၁၃ အမျိုးသားစီမံကိန်း၌ ရသေ့တောင်မြို့နှင့် အနီးရှိ မြို့များ ကုန်းလမ်းဆက်သွယ်ရေးကိစ္စ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပုဏ္ဏားကျွန်း ရသေ့တောင်လမ်းတွင် မြေသားလမ်းအဖြစ် (၂၂)မိုင် (၆)ဖာလုံဆောင်ရွက်နိုင်ခဲ့ပြီး အမာခံလမ်းအဆင့်အဖြစ်(၃)မိုင် (၄) ဖာလုံ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

6-3 (03).pmd 1 3/6/2012, 3:28 AM

စာမျက်နှာ ၃ မှ

ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြေပုံ-မင်းပြားလမ်းကို ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလမ်း၌ မြေသားတာပေါင်တည်ဆောက်ခြင်း၊ အမာခံကျောက်လမ်းခင်းခြင်း၊သစ်သားတံတားများတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများ တင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၏ လမ်းပိုင်းအမည် ထပ်မံဖြည့်စွက်လိုကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ မန်တုံ-နမ့်ဆန်လမ်းကို မန်တုံ-နမ့်ဆန်-မိုးမိတ်လမ်းဟု အမည်ပြောင်းလဲပြင်ဆင်ခေါ်၍ မရပါကြောင်း၊ မန်တုံ-နမ့်ဆန်-မိုင်းငေါ့-မိုးမိတ်လမ်းဟုသာ ခေါ်ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ မန်တုံ-နမ့်ဆန်လမ်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း(၁၅၀၀)ဖြင့် အမာခံလမ်း(၁၅)မိုင် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မဘိမ်း-မိုးမိတ်လမ်းပေါ်ရှိ မိုးမိတ်မြစ်ဆုံတံတား(ရွှေလီ)အား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရွှေလီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် တစ်ပြိုင်တည်း ဆောက်လုပ်ရန် စီစဉ်လျက်ရှိပြီး တည်ဆောက်မည့်ဒီဇိုင်းပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စစ်ဆေးအတည်ပြုပြီး ဖြစ်ပါကြောင်း။

တောင်ဥက္ကလာ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ မိမိနိုင်ငံ၏ မိုးများသော ရာသီဥတုနှင့်ကိုက်ညီသည့် ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ယာဉ်သွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းပေါ်တွင် နိုင်လွန်ကတ္တရာခင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကွန်ကရစ်လမ်းဖောက်လုပ်ရန်အတွက် ဘိလပ်မြေ လိုအပ်ချက်များစွာရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ထုတ်လုပ်သော ဘိလပ်မြေများအပြင် ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ရသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေကြေး လုံလောက်စွာရရှိသည့်အခါတွင် အချို့လမ်းများကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာ့မီးရထားငွေလုံးငွေရင်း အသုံးစရိတ်နှင့်ပတ်သက်၍ ကြိခင်း-ပခုက္ကူ၊ ပျော်ဘွယ်-နတ်မောက်-မကွေး၊ ပုသိမ်-ရန်ကုန်၊ ဟင်္သာတ- ညောင်တုန်းရထားလမ်းများ၊ ဧရာဝတီတံတား (ပခုက္ကူ)၊ ချင်းကပ်ရထားလမ်း၊ ဧရာဝတီတံတား (မလွန်)၊ ချင်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းများမှ ငွေကျပ်သန်း (၅၅၀၀) ကို ဖြတ်တောက်ထုတ်နုတ်လျက် အခြားရည်ရွယ်ထားသည့် လုပ်ငန်းများအတွက် သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ဖြတ်တောက်နိုင်ရန်အတွက် ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းစီမံကိန်းမှ နတ်မောက်-မကွေး ရထားလမ်းပိုင်း ဖောက်လုပ်မည့်ကိစ္စကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်သို့ ရွှေ့ပြောင်းလျာထားလုပ်ကိုင်မည်ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်းသစ်/လူစီးတွဲ၊ ကုန်တွဲသစ်တည်ဆောက်ခြင်း စီမံကိန်းမှ ငွေကျပ်သန်း(၄၅၀၀)ဖြတ်တောက်မည့်ကိစ္စတွင် ပစ္စည်းရောက်ရှိမည့်ကာလ ခန့်မှန်းချက်အရ ၂၀၁၂-၂၀၁၃ ငွေလုံးငွေရင်း လျာထားချက်မှ အထက်ပါငွေကိုဖြတ်တောက်ပြီး ၂၀၁၃-၂၀၁၄ လျာထားချက်သို့ ပြောင်းရွှေ့လျာထားနိုင်ပါကြောင်း၊ သို့သော် အဆိုပါလျာထားချက်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အမှန်သုံးစွဲနိုင်မည့် ငွေတွင်မပါဝင်ဘဲ တရုတ်နိုင်ငံချေးငွေအတွက် လျာထားသည့်ငွေသာဖြစ်သဖြင့် အခြားလုပ်ငန်းများသို့ ထုတ်နုတ်သုံးစွဲနိုင်မည့် အခြေအနေမရှိပါကြောင်း၊ ထို့ကြောင့် အခြားရည်ရွယ်ထားသည့် လုပ်ငန်းများအတွက် သုံးစွဲမည်ဆိုပါက ငွေကျပ်သန်း (၅၅၀၀) ကိုသာ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်အနေဖြင့် ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနက မော်တော်ယာဉ်များ ဝယ်ယူခြင်းကိစ္စ၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုကိစ္စတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ယာဉ်ဝယ်ယူရေးအတွက် ဘတ်ဂျက်သုံးစွဲရေးကို ရှေ့တန်းတင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့ဂုဏ်သိက္ခာနှင့်ဆိုင်သောကိစ္စဖြစ်သဖြင့် တတ်နိုင်သမျှချွေတာမှုကို ဦးစားပေးစဉ်းစားပြီး မဖြစ်မနေလိုအပ်ချက်ကိုသာလျှင် ဝယ်ယူရန်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူများ၏ လုပ်ဆောင်မှုများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီရုံးနှင့်လုံခြုံရေးရဲစခန်း၊ ရဲကင်းတို့ကို ယခုနှစ် ဧပြီလအတွင်း အပြီးဆောက်လုပ်နေပြီ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆောက်အအုံများ ရင်းနှီးမြှုပ်နှံတည်ဆောက်ခြင်းဖြင့် ပြည်ပမှ မော်တော်ယာဉ်(၁၇၂)စီး ဝယ်ယူရန်လျာထားခြင်းတို့သည် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ခြင်း၊ နိုင်ငံ့ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကိစ္စဖြစ်ခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အချိန်မီလုပ်ဆောင်သင့်သောလုပ်ငန်းဖြစ်ခြင်းတို့ကြောင့် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားနိုင်ရေးအတွက် အလေးထား စဉ်းစားဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ အချိန်ပိုလုပ်ခဥပဒေ ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တည်ဆဲဖြစ်သည့် ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၃(၁) တွင် ပြဋ္ဌာန်းချက်အရ အလုပ်သမားတစ်ဦးတစ်ယောက်သည် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ အချိန်ပိုလုပ်ရပါက ထိုအချိန်ပိုနာရီအတွက် မိမိသာမန်ရရှိသည့် အခနှုန်း၏ နှစ်ဆခံစားရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တည်ဆဲဥပဒေများအတိုင်း ဆက်လက်ကျင့်သုံး စည်းကြပ်သွားမည်ဖြစ်ပါကြောင်းဖြင့် လတ်တလောကာလတွင် အချိန်ပိုလုပ်ခဥပဒေ သီးခြားရေးဆွဲရန် လိုအပ်မည်မဟုတ်သေးပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ အနည်းဆုံးအခကြေးငွေ ဥပဒေကို ယခုနှစ်တွင် အပြီးသတ်ရေးဆွဲပေးနိုင်ရန် တိုက်တွန်းချက်နှင့်စပ်လျဉ်း၍ ယင်းဥပဒေမူကြမ်းကို ဇန်နဝါရီ ၁၇ ရက်တွင် ပြည်ထောင်စုရွှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း လွှတ်တော်သို့တင်ပြ၍ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမားများ တရားဝင်အလုပ်လုပ်နိုင်ရေးအတွက် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကို နယ်စပ်စခန်း (၃)မြို့အပြင် ဘုရားသုံးဆူမြို့ ထပ်မံဖြည့်ရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ မြန်မာအလုပ်သမားများအတွက် နိုင်ငံသားစိစစ်ရေးနှင့်ထိုင်းနိုင်ငံဘက်မှ မှတ်ပုံတင်ထားပြီးသော အလုပ်သမားများအား ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးကိစ္စများကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မှစ၍ မြန်မာနိုင်ငံ နယ်စပ်စခန်း(၃)နေရာနှင့် ထိုင်းနိုင်ငံအတွင်း(၆)နေရာ စုစုပေါင်း(၉)နေရာတို့၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘုရားသုံးဆူမြို့တွင် နယ်စပ်စခန်း ဖွင့်လှစ်ရေးကို နောင်သင့်လျော်သည့်အချိန်တွင် နှစ်နိုင်ငံညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာမြဦး၏ ကျေးလက်နေလူဦးရေ (၂၀၀၀၀)လျှင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၁-၂၀၁၂)တွင် စီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ တိုးချဲ့ဖွင့်လှစ်မည့် ကျေးလက်ကျန်းမာရေးဌာနများတွင် လူသားအရင်းအမြစ်များနှင့် ဆေးဝါးများဖြည့်တင်းပေးနိုင်ရေး အတွက် ရန်ပုံငွေများ လျာထားတင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ မြွေဆိပ်ဖြေဆေးဆိုင်ရာ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ မြွေကိုက်လူနာများအတွက် လိုအပ်သောမြွေဆိပ်ဖြေဆေးများကို စက်မှုဝန်ကြီးဌာနမှ ဝယ်ယူလျက်ရှိပြီး လိုအပ်သော ဆေးရုံများသို့ ခွဲဝေထားရှိ၍ ဆေးရုံများ၏ လိုအပ်ချက်အပေါ် အတတ်နိုင်ဆုံးပံ့ပိုးပေးလျက် ရှိပါကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်မှုမလုံလောက်၍ ထိုင်းနိုင်ငံမှ ဝယ်ယူဖြည့်တင်းပေးလျက်ရှိသော်လည်း ပြည်တွင်းထုတ် မြွေဆိပ်ဖြေဆေးကဲ့သို့ ထိရောက်မှုမရှိသည့်အတွက် အရေးအတွက် ပိုမိုသုံးစွဲရပါကြောင်း၊ မြွေဆိပ်ဖြေဆေးသုတေသန လုပ်ငန်းများအနေဖြင့် သိုး၏သွေးရည်ကြည်နှင့် ကြက်ဥမှ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်မှုအပိုင်းအနေဖြင့် ပညာပေးခြင်း၊ မြွေအန္တရာယ် ကင်းရှင်းစေရေးအတွက် ဖိနပ်/လက်အိတ် အသုံးပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုသခြင်းအပိုင်းတွင် ရှေးဦးပြုစုကုသခြင်း၊ ကျောက်ကပ်ထိခိုက်ပါက ထိရောက်သောကုသမှုပေးနိုင်ရန်အတွက် Peritoneal Dialysis, Haemodialysis တို့ကို စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးနှင့် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်တို့၏ နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်တည်ဆောက်ရေးအတွက် ရှေးဦးစွာ ဝန်ကြီးဌာနတစ်ခုချင်းစီ တာဝန်ပေးဆောင်ရွက်ရန် စဉ်းစားခဲ့သော်လည်း ဝန်ကြီးဌာနတစ်ခုချင်းစီ ဆောင်ရွက်ပါက လုပ်ငန်းများပြန့်ကြဲပြီး ကွပ်ကဲရန် ခက်ခဲသဖြင့် တစ်စုတစ်စည်းတည်း ကွပ်ကဲဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့်ဝန်ကြီးဌာနများအား ပေါင်းစပ်ဖွဲ့စည်းကာ အထူးဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိအစိုးရလက်ထက်တွင် အသစ်ဆောက်လုပ်ရန် စီမံကိန်းအဆောက်အအုံများမရှိဘဲ ယခင်ဆောက်လုပ်ဆဲအဆောက်အအုံများကိုသာ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲလုပ်ငန်းအချို့ကို ၂၀၁၁ခုနှစ် ဇူလိုင်လမှစ၍ ဆိုင်းငံ့ထားပြီး ၂၀၁၃ခုနှစ် ဒီဇင်ဘာတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ခုနှစ်တွင်ကျင်းပမည့် ASEAN SUMMIT နှင့် အခြားအစည်းအဝေးများအတွက် မဖြစ်မနေလိုအပ်သည့် ယခင်အစိုးရလက်ထက် ဆောက်လုပ်ဆဲလုပ်ငန်းများကိုသာ ဆက်လက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရသည့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ အခြားအာဆီယံနိုင်ငံများနည်းတူ တန်းတူဆောင်ရွက်နိုင်ရေးအတွက် အလေးထားစဉ်းစားဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း

ကဏ္ဍ၌ မတ်လ ၁ ရက်က နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည့် မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ (၇၅)နှစ်အတွက် ဝမ်းနည်းကြောင်းအဆိုကို အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄နှင့်အညီ လွှတ်တော်သို့တင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်းဆုံးဖြတ်ပြီး ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ၂ မိနစ် မတ်တတ်ရပ်၍ မေတ္တာပို့သကြသည်။

ဥပဒေကြမ်းဆွေးနွေး အတည်ပြုခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ရန် အချက်များအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းပါ အခန်း(၁) အပိုဒ် ၂ (ည၊ ဋ၊ ဌ)၊ အခန်း(၄) အပိုဒ် ၉ (စ၊ ဆ)၊ အပိုဒ် ၁၀ (ဇ၊ ဈ၊ ည)၊ အပိုဒ် ၁၁(စ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အခန်း(၆) အပိုဒ် ၂၀၊ အခန်း(၇) အပိုဒ် ၂၄(ခ)၊ အခန်း(၉) အပိုဒ် ၃၉၊ အပိုဒ် ၅၁(င)၊ အခန်း(၁၃) အပိုဒ် ၆၃၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈တို့နှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်/ဖြည့်စွက်ချက်များအတိုင်း အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းပါ အခန်း(၁) အပိုဒ် ၂ (ဋ)၊ အခန်း(၄)အပိုဒ် ၉(စ၊ ဆ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အခန်း(၆)အပိုဒ် ၂၃(က၊ ဂ၊ ဃ)၊ အခန်း(၈)အပိုဒ် ၃၂(ခ)၊ အခန်း(၁၅)အပိုဒ် ၈၁၊ အပိုဒ် ၈၃တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ဖြစ်ကြောင်းနှင့် အခန်း(၆)အပိုဒ် ၂၃ (ခ)နှင့်စပ်လျဉ်း၍ ရွှာင်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာ စိုးရင်က ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းပြီး လွှတ်တော်က သဘောတူအတည်ပြုဆုံးဖြတ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအား အီးယူနိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အီးယူနိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကော်မရှင်ဥက္ကဋ္ဌ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများနှင့် မကြာမီ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ဒီမိုကရေစီနည်းလမ်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် မွေးမြူပြသထားသော ဆင်မများက ဆင်ကလေးများ ပေါက်ဖွား

နေပြည်တော် မတ် ၅

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ပြည်တွင်း/ပြည်ပ တိရစ္ဆာန်မျိုးစိတ်များ စုံလင်စွာ ပြသထားပြီး ယင်းပြကွက်များတွင် အာရှဆင်ပြကွက်၌ ဆင်ထီး ငါးကောင်နှင့် ဆင်မငါးကောင် စုစုပေါင်း ၁၀ ကောင်ကို သဘာဝအတိုင်း လွှတ်ကွင်းဖြင့် ပြသထားသည်။

မွေးမြူထားသည့် ဆင်များအနက် အရွယ်ရောက်လာကြသော ဆင်မများသည် ဆင်ထီးများနှင့် လွတ်လပ်စွာ မိတ်ဖက်နေထိုင်ကြသဖြင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သက်တမ်း(၄)နှစ်အတွင်း ဆင်မသုံးကောင်က ဆင်ကလေးသုံးကောင် ပေါက်ဖွားခဲ့သည်။

၂၀၁၀ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အသက်(၁၈)နှစ်ရှိသော ဆင်မ (ဇာငယ်ထွေး)က ဆင်မလေး တစ်ကောင်ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အသက်(၁၁)နှစ်ခန့်ရှိပြီဖြစ်သော ဆင်မ(မေကဆုန်)က ဆင်မလေးတစ်ကောင်ကိုလည်းကောင်း၊ ယခုတစ်ဖန် အသက်(၁၂)နှစ်ခန့်ရှိသော ဆင်မ(နွယ်နွယ်)က ဆင်မလေး တစ်ကောင်ကိုလည်းကောင်း အသီးသီးပေါက်ဖွားခဲ့ကြသည်။ ပေါက်ဖွားလာကြသော ဆင်ကလေးများသည် သဘာဝအတိုင်း မိခင်နို့ရည်ကို သောက်သုံးကြသဖြင့် ကျန်းမာဖွံ့ဖြိုးလျက်ရှိကြပြီး မိခင်ဆင်မကြီးများ၊ ဆင်ထိန်းဆင်မကြီးများနှင့် ဆင်ပြကွက်လွှတ်ကွင်းအတွင်း ပြေးလွှားဆော့ကစား မြူးထူးစွာ နေထိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် မွေးမြူပြသထားသည့် ဆင်မနှင့် ၎င်းမှ ပေါက်ဖွားသော ဆင်ကလေးတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်အတွက် Young President's Organization (YPO) အဖွဲ့သည် လာရောက်လေ့လာလျက်ရှိပြီး မတ် ၁ ရက် ညပိုင်းတွင် တော်ဝင်လမ်းရှိ The Governor's Residence ၌ လွယ်ဟိန်းကုမ္ပဏီလီမိတက်၏ စီစဉ်ပေးမှုဖြင့် မြန်မာစီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော YPOအဖွဲ့မှ စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ လက်ရှိအပြောင်းအလဲ အနေအထားများ၊ စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

Young President's Organization (YPO) အဖွဲ့အစည်းသည် ၁၉၅၀ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လက်ရှိတွင် နိုင်ငံပေါင်း ၁၀၀ကျော်၌ အဖွဲ့ဝင်ပေါင်း ၁၈၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကြည့်မြင်တိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၅

ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် ၂-လမ်းရှိ လေးခန်းတွဲနေအိမ်တစ်အိမ်မှ ယနေ့နံနက် ၄ နာရီ ၂၅ မိနစ်ခန့်က မီးစတင်လောင်မှုဖြစ်ပွားခဲ့သည်။

ထမင်းအိုးတည်ရန် ဓာတ်ဆီဖြင့် မီးမွှေးရာမှ မီးလောင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သစ်သားအိမ်လေးခန်းတွဲတစ်လုံး၊ အနီးရှိနှစ်ထပ်တိုက်နှစ်လုံးမှ အိမ်ခေါင်မိုးများနှင့် ၎င်းဘေးရှိ သစ်သားအိမ်တစ်ခြမ်းမီးလောင်ခဲ့သည်။ **(အောက်ပုံ)** မီးလောင်မှုကို နံနက် ၄ နာရီ ၅၈ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ကူညီကြသည်။

ငြိမ်းသတ်ပေး

မီးလောင်ရာသို့ မီးငြိမ်းသတ်ရေးယာဉ် ၃၁ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ သန္နိမီးသတ်အင်အား ၂၀၀ ကျော်၊ အရန်မီးသတ်အင်အား ၆၀၊ ကြက်ခြေနီ ၃၀ နှင့် ပြည်သူများရောက်ရှိလာပြီး ဝိုင်းဝန်းငြိမ်းသတ်ပေးကြသည်။

မီးဘေးသင့်အိမ်ထောင်စုများအား အမက(၂)တွင် ခေတ္တထားရှိပြီး မီးလောင်မှုနှင့်စပ်လျဉ်း၍ ကြည့်မြင်တိုင်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၄၂)

ဖေဖော်ဝါရီ ၂၇ ရက်က ဒေါပုံမြို့နယ် ယမုံနာ(၂)ရပ်ကွက်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် မတ် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၉ရက်က လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာစာ စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသော မောင်အောင်ပြည့်ဖြိုး အထက(၃)လှိုင်အား ရပ်မိရပ်ဖ ဦးခင်မောင်မြင့် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-စုစည်းသည်

လွန်ခဲ့သော နှစ် ၁၀၀၀၀ ကျော်က ကျောက်ခေတ်သုံး အမဲလိုက်လက်နက်များ အမေရိကန်၌တွေ့ရှိ

လန်ဒန် မတ် ၅

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် လွန်ခဲ့သော နှစ် ၁၀၀၀၀ ကျော်က အသက်ရှင်ကျင်လည်ခဲ့သော ကျောက်ခေတ်လူသားတို့၏ အမဲလိုက်ရာတွင်အသုံးပြုခဲ့သည့် ကျောက်လက်နက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သည်အင်ဒီပင်းဒင့်သတင်းစာ၌ မတ် ၅ ရက်က ဖော်ပြသည်။

အသုံးပြုခဲ့

အမေရိကန်တွင် ကျောက်ခေတ်လူသားတို့နေထိုင်ခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းကျောက်လက်နက်ပစ္စည်းများသည် အရေအတွက်တစ်ဒါဇင်ကျော်ရှိပြီး လွန်ခဲ့သည့် နှစ် ၁၉၀၀၀ နှင့် ၂၆၀၀၀ အကြားတွင် ပြုလုပ်အသုံးပြုခဲ့သော ပစ္စည်းများဖြစ်ကြသည်။

ယင်းကျောက်လက်နက်ပစ္စည်းများကို အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသတစ်လျှောက် နေရာခြောက်နေရာမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ရာ ရှေးဟောင်းသုတေသနလုပ်ငန်းအတွက် အရေးကြီးသောပစ္စည်းများဖြစ်ကြောင်း အဆိုပါသတင်းစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

အသက် ၉၈ နှစ်အရွယ် အမျိုးသားကြီးနှင့် ၉၅ နှစ်အရွယ်အမျိုးသမီးကြီးတို့ လက်ထပ်

နယူးယောက် မတ် ၅

အမေရိကန်နိုင်ငံသား အသက် ၉၈ နှစ်အရွယ်ရှိ အမျိုးသားကြီးတစ်ဦးနှင့် ၎င်း၏ချစ်သူအသက် ၉၅ နှစ်အရွယ် အမေရိကန်နိုင်ငံသူ အမျိုးသမီးကြီးတစ်ဦးတို့ မတ် ၄ရက်က လက်ထပ်ပွဲကျင်းပခဲ့ရာ ကမ္ဘာပေါ်တွင် အသက်အရွယ်အကြီးဆုံး အမျိုးသား အမျိုးသမီးနှစ်ဦး လက်ထပ်ခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကြောင်း မတ် ၅ရက်က သတင်းထုတ်ပြန်သည်။

မင်္ဂလာပွဲကျင်းပခဲ့

အလန်မက်စ်အမည်ရှိအမျိုးသားကြီးသည် သူ၏ချစ်သူ လီလီယန်ဟက်လေနှင့်အတူ မင်္ဂလာဝတ်စုံများဆင်မြန်းလျက် ကယ်လီဖိုးနီးယားပြည်နယ် တရားရုံး၌ လက်မှတ်ထိုးကာ မင်္ဂလာပွဲကျင်းပခဲ့ကြခြင်းဖြစ်သည်။

မင်္ဂလာပွဲကို အချိန်အနည်းငယ်သာကျင်းပခဲ့ပြီး သတို့သားကြီးအလန်မက်စ်က I Love You ဟုပြောကြားကာ သတို့သမီးကြီးလီလီယန်ဟက်လေကို ဖွဖွလေးနမ်းပြီး မင်္ဂလာပွဲအမှတ်တရ အချစ်သင်္ကေတပေးခဲ့သည်။ **(ဝဲပုံ)**

မှတ်တမ်းဝင်

ထို့နောက် လက်ထပ်ပွဲကျင်းပပြီးသည့်အခါ အနီးရှိစားသောက်ဆိုင်တစ်ဆိုင်တွင် မင်္ဂလာပွဲအထိမ်းအမှတ်နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အလန်မက်စ်တို့ မင်္ဂလာမောင်နှံသည် ၂၀၁၂ ခုနှစ်က လက်ထပ်ခဲ့ကြသော ပြင်သစ်နိုင်ငံမှ အသက် ၉၆နှစ်အရွယ်အမျိုးသားကြီးနှင့် အသက် ၉၄ နှစ်အရွယ်ရှိ အမျိုးသမီးကြီးတို့ထက် အသက်အရွယ်ပိုကြီးသော မင်္ဂလာမောင်နှံအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



စနေဂြိုဟ်၏အရံလတစ်စင်းအနီး အောက်ဆီဂျင်များတွေ့ရှိ

လန်ဒန် မတ် ၅

စနေဂြိုဟ်၏ရေခဲတမျှအေးသော အရံလတစ်စင်း၏အနီးတွင် အောက်ဆီဂျင်များ ဖုံးလွှမ်းလျက်ရှိသည်ကို နာဆာ၏အာကာသလေ့လာရေးယာဉ်မှ ရိုက်ကူးပေးပို့သော ဓာတ်ပုံနှင့် သတင်းအချက်အလက်များအရတွေ့ရှိရကြောင်း နာဆာမှ မတ် ၅ရက်က ထုတ်ပြန်သည်။

ဒိုင်ဝမ်းဟုအမည်ပေးထားသော အဆိုပါ အရံလအနီး **(အပေါ်ပုံ)** တွင် အောက်ဆီဂျင်များ တွေ့ရှိရမှုသည် ကြာသပတေးဂြိုဟ်၏ အရံလများဝန်းကျင်၌ တွေ့ရှိရသည့် အောက်ဆီဂျင်များဖုံးလွှမ်းနေမှု အနေအထားအတိုင်းပင်ဖြစ်ကြောင်း နာဆာ၏အာကာသလေ့လာရေးယာဉ်ကတ်စီနီမှ ပေးပို့သည့် သတင်းအချက်များအရ သိရှိရကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ စနေဂြိုဟ်၏ အရံလတစ်စင်းအနီးတွင် ယခုကဲ့သို့ အောက်ဆီဂျင်များတွေ့ရှိရမှုသည် ယင်းအရံလတွင် သက်ရှိသတ္တဝါများနှင့် လူသားတို့ အသက်ရှင်နေထိုင်နိုင်ဖွယ်ရှိသည် ဟူသောအချက်ကို အထောက်အကူပြုစေခဲ့သည်ဟု လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင် အင်ဒရူးကိုရာတက်စ်က ပြောကြားသည်။

ယခု အောက်ဆီဂျင်တွေ့ရှိရသည့် ဒိုင်ဝမ်းအမည်ရှိ အရံလ၏ မျက်နှာပြင်တွင် ရေများမတွေ့ရှိရခြင်းမှာ သတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက်မူ အခက်အခဲတစ်ရပ်ဖြစ်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ခင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ စက်မှုလယ်ယာစနစ်အဆင့်မြင့်လယ်ယာမြေကေ (၁၀၀) စိုက်ကွင်းသို့ရောက်ရှိရာ စိုက်ကွင်းတာဝန်ခံက စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးလေးမျိုးအား မျိုးယှဉ်ပြိုင်စိုက်ပျိုးအကောင်အထည်ဖော်မှုနှင့် မတ် ၉ ရက်တွင် ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းအတွင်း၌ သက်တမ်း ၅၅ ရက်သားတွင် ပင်ပွားပျမ်းမျှ ရှစ်ပင်ထွက်ရှိနေမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ (၃၆၉) ကေ စိုက်ကွင်း၌ တစ်ကွင်းလုံးစိမ်းစိုဖြစ်ထွန်းအောင်မြင်လျက်ရှိသော တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး သက်တမ်း ၈၅ ရက်သားတွင် ပျမ်းမျှပင်ပွား ၁၂ ပင်ထွက်ရှိနေသည့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းကို လည်းကောင်း၊ စိုက်ခင်းအနီး မြေကွက်၊ မြေလွတ်မကျန်စိုက်ပျိုးထားသော တောင်သူပညာပေးဟင်းသီးဟင်းရွက် စားဖိုချောင် သီးနှံစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တောင်သူများ အပိုဝင်ငွေ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းမှ သီးနှံ တစ်မယ်ချင်းအလိုက် ဝင်ငွေမည်မျှ ရရှိနိုင်မည်ကို ဒေသဈေးနှုန်းများဖြင့် တွက်ချက်ပြုစုပြီး တောင်သူများအား အသိပညာပေးရန် မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ အဆင့်မြင့်လယ်ယာမြေ (၂၈၈)ကေ စိုက်ကွင်းသို့ ရောက်ရှိရာ ဒေသခံတောင်သူများက အလျင်လိုကျေးရွာကဲ့သို့ စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းဈေးဖြင့် ကြိုတင်ငွေ တစ်ကေငွေကျပ်နှစ်သိန်း ရရှိနိုင်ရေးတို့ကို တင်ပြသဖြင့် ပြည်ထောင်စုဝန်ကြီးက အလျင်လိုကျေးရွာကဲ့သို့ တစည်းတလုံးတည်း ညီညီညွတ်ညွတ် စိုက်ပျိုးပြီး ထွန်တုံးပိတ်သည့်နေ့တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးရွာအနီး စက်မှုလယ်ယာစနစ်ကေ (၁၀၀)ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော စိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ (၃၆၉)ကေ စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူအပေါ် စိတ်ရင်းစေတနာမှန်ဖြင့်ဆောင်ရွက် ဥပဒေလုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်ပိုင်နိုင်အောင်လေ့လာ

နေပြည်တော် မတ် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် မတ် ၂ ရက် ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ညော့ရိပ်သာ၌ စစ်ကိုင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအောင်မြင်ရေး၊ ပြည်သူများ ကုန်ကျစရိတ်နှင့်ပတ်သက်၍ အထင်အမြင်လွဲမှားမှုများမရှိစေရေးနှင့် ကုန်ကျစရိတ်များ ကွဲကွဲပြားပြားဖြစ်စေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်မှုတိုင်း၌ ရှင်းလင်းချပြ ဆောင်ရွက်ကြရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ပြီး လုပ်ငန်းများစနစ်တကျ ဖြစ်စေရေးအတွက် အစဉ်လေ့လာဆည်းပူးဆောင်ရွက်ကြရေး၊ ယခုနှစ်အတွင်းဆောင်ရွက်မည့် ပြည်တွင်းပြောင်းရွှေ့သွားလာမှုစစ်တမ်းကောက်ယူရေးလုပ်ငန်းနှင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို တက်တက်ကြွကြွကြိုးပမ်းဆောင်ရွက်ကြရေး၊ ပြည်သူအပေါ် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေး၍ ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ စစ်ကိုင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ဦးစီးဌာနရုံးများမှ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးမြင့်က မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို (၄၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းဝေထံသို့ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အချိန်အခါမဟုတ် လားရှိုး၌ မိုးရွာ မိုးသီးများကြွေ

လားရှိုး မတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မတ် ၃ ရက် နံနက် ၂နာရီခွဲက အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပြီး မန်ကျည်းစေ့ခန့်ရှိ မိုးသီးများကြွေကျခဲ့ကြောင်း၊ ထိုနေ့တစ်နေ့လုံး နေရောင်ခြည်မရဘဲ မိုးရွာခြင်းနှင့်အတူ မြူနှင်းများ ပိတ်ခဲ့ကြောင်း သိရသည်။

မမ(လားရှိုး)

အတိုအကွဲဖလဲတွေနဲ့

အမျိုးသားစာပေဆုရ အောင်စိုး (တိရ စ္ဆာန်ဆေးကုဆရာဝန်)

ကမ္ဘာပေါ်တွင် ရှေးမွန်မဆွ လူ့ဘောင်လောကတည်ထောင်စကပင် လူမျိုးစုများ၏ နိုင်ငံအသီးသီး၌ မိမိနိုင်ငံ၊ မိမိတိုင်းပြည် အစဉ်ထာဝရ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆောင်လမ်းပြ စောင့်ရှောက် ဆောင်ရွက်ခြင်းပြုခဲ့သည်မှာ ယဉ်ကျေးမှုပင် ဖြစ်ပါသည်။

ယဉ်ကျေးမှုဟူသည် လူ့အဖွဲ့အစည်းတစ်ခုတွင် ပထဝီဝင်အနေအထားကိုလည်းကောင်း၊ လူနေမှုဓလေ့ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့ဝတ်စားဆင်ယင်မှု၊ ပန်းချီ၊ ပန်းပုစသည့် ပန်းဆယ်မျိုး အတတ်ပညာ အဆို၊ အက၊ အရေး၊ အတီး စသည့် အနုပညာ အသွယ်သွယ်၊ ကိုးကွယ်သည့် ဘာသာအယူဝါဒ၊ စာပေအရေးအသား၊ အတွေးအခေါ်၊ နည်းပညာတိုးတက်ဖွံ့ဖြိုးမှု စသည့် ဘက်ပေါင်းစုံတို့ကို အခြေပြု၍ ယဉ်ကျေးမှု မူလ သဘောတရားများ ဖြစ်ထွန်းလာရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပတ်ဝန်းကျင်နိုင်ငံအသီးသီးနှင့် မရောယှက်စိမ့်သောငှာ သဘာဝက သီးခြားတောတောင်မြစ်ချောင်းများကို အတားအဆီးသဖွယ် ဖန်တီးပေးထားသည်။ မြောက်ဘက်တွင် ရေခဲဖုံးလွှမ်းနေသည့် တောင်တန်းများ၊ အရှေ့ဘက်နှင့်အနောက်ဘက်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသည့် တောင်ကုန်းများ၊ မြစ်ချောင်းများ၊ အနောက်နှင့်တောင်ဘက်တွင် ပင်လယ်ကြီးကကာဆီး၍ နယ်နိမိတ်မျဉ်းကြောင်းသဖွယ် တည်ရှိနေသည်။ မြန်မာနိုင်ငံတွင် လူမျိုးအသီးသီး ပေါင်းစုနေထိုင်ကြရာတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများ ကိုယ်စီရှိကြသည်။ အဆင့်မြင့်သော လူနေမှုစနစ်၊ ဓလေ့ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့မှု၊ အဆိုအက၊ အတီးအမှုတ်၊ ကိုးကွယ်ရာဘာသာအယူဝါဒ၊ စာပေနှင့်စကား၊ လယ်ယာစိုက်ပျိုးခြင်း၊ ဆောက်လုပ်ရေးအတတ်၊ မွေးမြူရေးအတတ်ပညာများတို့ဖြင့် လူမျိုးနွယ်အလိုက် တင့်တင့်တယ်တယ်ရှိကြသည်။ မြန်မာ့ရေမြေတောတောင်အတွင်း ရှေးပဝေသဏီနှစ်ပေါင်းများစွာကပင် နေထိုင်ခဲ့ကြသည့် ဗမာ၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပလောင်၊ ဝ၊ ပအိုဝ်း၊ နာဂ စသည့် လူမျိုးနွယ်စုများ နေထိုင်ကြရာ၌ ယင်းလူမျိုးနွယ်စုများ၏ ရိုးရာစရိုက်ဓလေ့ထုံးစံယဉ်ကျေးမှုတို့သည် စံနှုန်းအခြေခံတူညီကြသည်။

မြန်မာနိုင်ငံနှင့်ဆီလျော်သော အမျိုးသားယဉ်ကျေးမှုသည် ရှေးမွန်မဆွဘေးဘီဘိုးဘွားများလက်ထက်မှစ၍ တသီးတခြား အခိုင်အမာရပ်တည်လာခဲ့သည်။ စာပေယဉ်ကျေးမှုသည် အစဉ်တစိုက် တိုးတက်ဖွံ့ဖြိုးလာပြီး တစ်ဆင့်ပြီးတစ်ဆင့် အခက်အလက်အရွက်တို့ဖြင့် ဝေဆာတင့်ဆန်းပွင့်လန်းလာကြသည်။ မျိုးချစ်စိတ်ဓာတ်ခိုင်မာစွာဖြင့် အမျိုးသားယဉ်ကျေးမှုအနေဖြင့် ရာဇဝင်သမိုင်းကို ပြေပြေပြစ်ပြစ် ဖန်တီး ထူထောင်လာခဲ့သည်။

နတ်ကိုးကွယ်သည့်လူမျိုးစု အနည်းအကျဉ်းသာရှိခဲ့သော်လည်း အများစုမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်။ ဗုဒ္ဓသာသနာတော်၏ အဆုံးအမကို ခံယူစေပြီး ဟီရိဩတ္တပ္ပတရားကို အလေးထားခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးနွယ်စုများအလိုက် စာပေ၊ အနုပညာ၊ တေးဂီတတူရိယာ၊ စိုက်ပျိုးရေးနှင့် လက်မှုပညာ အတတ်စသည်တို့သည် ကိုယ်ပိုင်ဟန်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နေကြသည်။

ကျွန်တော်တို့သည် ၁၈၈၅ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၀ ကျော်ခန့်မျှ နယ်ချဲ့တို့၏ ကျူးကျော်မှု ယဉ်ကျေးမှုစရိုက် သွတ်သွင်းလွှမ်းမိုးခြင်းကို ခံခဲ့ရသည်။ သို့သော်လည်း မျိုးချစ်မြန်မာတို့သည် အရိုးကို အရွက်မဖုံးစေဘဲ၊ ယဉ်ကျေးမှု အမွေအနှစ်မပျောက်မပျက်အောင် တိုင်းတစ်ပါးတို့၏ စရိုက်ဆိုးများ ရောယှက်၍ ဝါးမျိုခြင်း မခံရအောင် ဇာတိမာန်ကိုယ်ခံစွမ်းအားဖြင့် ခုခံဟန့်တားနိုင်ခဲ့သည်။ ကျွန်ခေတ်မှ လွတ်မြောက်လာသည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင် ဓလေ့ထုံးစံ၊ ကိုယ်ပိုင်အနုပညာများဖြင့် ဝင့်ဝင့်ထည်ထည် လူမျိုးကြီးအဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။

ယနေ့အခါ နည်းပညာဖွံ့ဖြိုးမှု သိပ္ပံပညာတိုးတက်နေသည့်အလျောက် လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းနည်းပညာအချက်အလက် ပျံ့နှံ့မှုလွယ်ကူမြန်ဆန်နေသဖြင့် ကမ္ဘာကြီးသည် တပေါင်းတစည်းတည်း ယှက်နွှယ်နေသည့် ကမ္ဘာ့ရွာကြီးအသွင်သို့ ကူးပြောင်းနေပေပြီ။ အင်တာနက်ကွန်ရက် လွှမ်းမိုးမှုကြောင့်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှု၊ နိုင်ငံသားတို့၏ အတွေးအခေါ်အယူအဆ၊ သဘောတရား၊ လူ့ဘောင်လူနေမှုစနစ်ပုံသဏ္ဌာန်တို့သည် လျင်မြန်စွာ ပြောင်းလဲလာနေကြသည်။ မည်သို့ပင်ဖြစ်စေ ယင်းသို့ စီးဆင်းလာသည့် ယဉ်ကျေးမှုစရိုက်များအားလုံးကို မြန်မာတို့က လက်ဝေခံကျင့်သုံးရန်မသင့်။ မဆီလျော်သည့် စရိုက်ဆိုးများကို နိုင်ငံသားတိုင်းက အစဉ်တွန်းလှန်လျက် အမျိုးသားရေးသတိဖြင့် ကာကွယ်နေရမည် ဖြစ်သည်။

ရိုးရာယဉ်ကျေးမှုပျက်စီးရန် အလွယ်ဆုံးလုပ်ဆောင်မှုမှာ ဝတ်စားဆင်ယင်မှုဖြင့် ဆွဲဆောင်ခြင်းပင် ဖြစ်သည်။ ထိုဝတ်စားဆင်ယင်မှုသည် တေးဂီတ၊ ရုပ်ရှင်၊ ဗီဒီယို၊ စာပေများမှတစ်ဆင့် အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းလာနေသည်။ ဗုဒ္ဓ၏ အဆုံးအမတရားတော်များအား လိုက်နာမှုအားနည်းလာခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ပပျောက်ခြင်းတို့၏ ပျက်စီးခြင်းအစမှာ ဝတ်စားဆင်ယင်မှုက ပထမဟုဆိုချင်ပါသည်။ အဓိကမှာ အမျိုးသမီးတို့၏ လျှပ်ပေါ်လော်လည် ဖောက်ပြားမှုဆန်သည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှု လွှမ်းခြုံလာရာမှ အရှက်အကြောက်တရားတို့ကင်းမဲ့ကာ အနောက်တိုင်းလူနေမှု အကျင့်စရိုက်တို့ကို အတုခိုးကြတော့မည်ဖြစ်ခြင်းကြောင့်ပင်။ ကိုလိုနီခေတ်က အမျိုးသမီးအချို့၏ အင်္ကျီပါးနှင့် ဇာဘော်လီဝတ်ဆင်မှုကို ဝံသာနုရက္ခိတအသင်းသားများ၊ ဒို့ဗမာအစည်းအရုံး ဦးဆောင်မှုဖြင့် လူပုဂ္ဂိုလ်သာမကရဟန်းသံဃာများပါ ပါဝင်၍ ပင်နီချောနှင့် ယောထဘီကို အစားထိုးဝတ်ဆင်ရန်၊ ရိုးရာမပျက် အရှက်လုံခြုံစွာ ဝတ်ဆင်ရန်တို့ကို ဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်း အထင်အရှားရှိပါသည်။

တေးဂီတသရုပ်ပျက်မှုသည် ဖန်တီးသူအနုပညာသည်တစ်စုမှတစ်ဆင့် တစ်ပြည်လုံးပျံ့နှံ့ရန်အချိန်ယူရမည်။ ဝတ်စားဆင်ယင်မှုမှာမူ ဂီတနှင့် ရုပ်ရှင်မော်ဒယ်များမှတစ်ဆင့် တစ်ပြည်လုံးသို့ ချက်ချင်းကူးစက်သွားနိုင်သည်။ ဖက်ရှင်ဒီဇိုင်းများ၏ ဆွဲဆောင်မှုက အင်တာနက်ကွန်ရက်မှတစ်ဆင့် အရှိန်အဟုန်ပြင်းစွာ မြန်မာနိုင်ငံအတွင်း စီးဆင်းလာနေပါသည်။

အားကစားကလောင်ရှင် ဆရာခင်မောင်ထွေး(ပျဉ်းမနား)မှ အား/ကာ စာစောင် တစ်ခုထဲတွင် မြန်မာမလေးများ၏ မလုံ့တလုံစကတ်၊ အကွဲ-ဖလဲ၊ ဘောင်းဘီတိုကလေးများဖြင့် လူမြင်ကွင်းမှာ ထွက်လာနေသည့် သရုပ်ပျက်ယဉ်ကျေးမှုသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို ဖျက်ဆီးမည့်သဘောဆောင်လာ၍ အကျင့်စာရိတ္တနှင့် ယဉ်ကျေးမှုပျက်စီးတော့မည်ကို ဝိုင်းဝန်းတားဆီးကြပါရန် မီးမောင်းထိုးပြရေးသားသည်ကို ဖတ်ရှုရပါသည်။

၁၁-၁-၂၀၁၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ "မြန်မာလိုလှတာ ဂုဏ်ယူစရာကောင်းပါသည်" ခေါင်းစဉ်ပါ အယ်ဒီတာ့အာဘော်တွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို မြန်မာအမျိုးသမီးများ ပြုပြင်ဆင်ခြင်ရန် မီးမောင်းထိုးပြထားပါသည်။

မလုံ့တလုံဝတ်စားဆင်ယင်မှုသည် ဈေးသည်လောက၊ ကုမ္ပဏီဝန်ထမ်း၊ ရုပ်ရှင်တေးဂီတသရုပ်ဆောင်များ၏ လည်ဟိုက်အင်္ကျီမှ စတင်မည်ဟု ကောက်ချက်ချလိုပါသည်။ ကျွန်တော် မြန်မာနိုင်ငံ နယ်စပ်ဒေသအသီးသီးကို ရောက်ခဲ့ပါ၏။ ဥပမာ တစ်ခုသာ ပြဆိုပါမည်။ တာချီလိတ်မှကူး၍ ထိုင်းဘက်ကမ်း မယ်ဆိုင်ဈေးတန်း၊ ပလက်ဖောင်းဈေးသည်များကို ယနေ့မြန်မာနှင့် နှိုင်းယှဉ်သတိထား၍ ကြည့်မိသည်။ ဖလဲ၊ အကွဲကလေးများ ဝတ်ထားပေမယ့် လုံလုံခြုံခြုံ၊ ဘောင်းဘီကလည်း အရှည်ဖြစ်၏။ ပေါင်ရင်းထိ မတိုပါ။ ထို့အတူ အင်္ကျီမှာလည်း ရင်စေ့၊ ထိုင်းမလေးများမှာ မပေါ့တပေါ် မဟုတ်ကြပေ။

နိုင်ငံအဝန်း ပျိုပျိုအိုအိုများ၏ မလုံမလဲဝတ်စားဆင်ယင်မှုမှတစ်ဆင့်တက်၍ ဘောင်းဘီတိုနှံ့နှံ့ အင်္ကျီလည်ဟိုက်တို့ဖြင့် တစ်စထက်တစ်စ ဖော်လှစ်ဟရန် ယနေ့ မြန်မာအမျိုးသမီးများ ခြေလှမ်းလာကြသည်။ လမ်းမသို့ ထွက်လာနေကြသည်။

Style ရှိမှ Star ဖြစ်မည်ဆိုသည့် မြန်မာမိန်းကလေးများ၏ အယူအဆသစ်တွင် ခေတ်မီအောင် ဝတ်စားဆင်ယင်မှုပိုကဲပြီး မပေါ့တပေါ် ခေတ်လွန်ဝတ်စားဆင်ယင်မှုကို မက်မောတွယ်တာခြင်း မပြုအပ်ပေ။

သို့ပါ၍ မြန်မာအမျိုးသမီးများ အပျိုအအိုမရွေး ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှု အစဉ်အလာကိုထိန်းသိမ်းရန် လိုအပ်နေပါပြီ။ ပွဲတက်ဝတ်စုံကိုချည်း ဝတ်ဆင်နေရမှာမဟုတ်ပါ။ ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးကိုမလွယ်နှင့် စကားပုံသည် ယနေ့ပြောင်းလဲလာသည့် ယဉ်ကျေးမှုပုံရိပ်များအရ အကြွင်းမဲ့လက်ခံနိုင်သော မြန်မာဆိုရိုးစကား အပြည့်အဝမဟုတ်သော်လည်း ချောင်းကိုပစ်၍ မြစ်ကိုရှာရန်မဟုတ်ပါ။ အဟောင်းကိုပစ်လျှင် အသစ်ကိုခင်တွယ်ရာ၌ အရိုးကိုအရွက်မဖုံးကြဘဲ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို လူငယ်မောင်မယ်များက မြန်မာ့အမြင် မြန်မာ့အတွေးဖြင့် ခေတ်နှင့်လျော်ညီသော ဟီရိဩတ္တပ္ပတရားနှင့် ပြည့်ဝသည့် ဝတ်စုံမျိုးဖြင့် ဝတ်ဆင်၍ ပွဲလယ်တင့်ကြပါစေရန် တိုက်တွန်းအပ်ပါသည်။ ။

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်မောင်မယ်များ အဆင့်မြင့်ပညာများနှင့် နည်းပညာများကို ပြည်နယ်အတွင်းမှာပင် သင်ယူနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော အခြေခံအဆောက်အအုံများ

ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များသည် မိမိတို့ပြည်နယ်အတွင်းမှာပင် အိုးမကွာ အိမ်မကွာဖြင့် နည်းပညာများကို သင်ယူတတ်မြောက်နိုင်အောင် တည်ဆောက်ပေးထားသည့် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့မှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာ ယခုအခါ ပြည်နယ်အတွင်း အတတ်ပညာရှင်အမြောက်အမြား ပေါ်ထွက်လာပြီ ဖြစ်သည်။ ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်ပေးထားသည့် နည်းပညာတက္ကသိုလ် (ဝဲပုံ) နှင့် ကွန်ပျူတာတက္ကသိုလ် (အောက်ပုံ) တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များ မိမိတို့ပြည်နယ်အတွင်းမှာပင် အသိပညာ၊ အတတ်ပညာများ သင်ယူတတ်မြောက်ကြပြီး ပညာတတ်တိုင်းရင်းသားအသိပညာရှင်များ ဖြစ်ထွန်းကာ နိုင်ငံတော်အကျိုး၊ မိမိတို့ ပြည်နယ်အကျိုးကို ပါဝင်ထမ်းရွက်စေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တည်ဆောက်ပေးထားသော စစ်တွေတက္ကသိုလ် (အပေါ်ပုံ)ကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်အတွင်း ယခုအခါ အခြေခံပညာကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အခြေခံပညာသင်ယူပြီးမြောက်သူများ အဆင့်မြင့်ပညာနှင့် အဆင့်မြင့်နည်းပညာများကို ဝေးလံသောဒေသများ၌ သွားရောက်သင်ယူစရာမလိုအောင် ပြည်နယ်အတွင်းမှာပင် တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို တည်ဆောက်ပေးထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❖ ရွှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒ သာမိထံ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျိုက်ပိကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း၊

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျိုက်ပိကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပို့ဆောင်ရေးဝန်ကြီးများ GSM / UMTS မိုဘိုင်းတယ်လီဖုန်း ရောင်းချရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

ပိုကြည်လင်တယ်ဆိုတော့ ဝယ်သုံးကြရတာ။ ရေစည်တစ်လှည်းကို မြေညီဆိုရင် ၁၀၀၀ ကျပ်နဲ့ရပေမယ့် အထပ်မြင့်လေ ဈေးက ပိုကြီးလေပဲ။ အရင်က ရေပုံးနဲ့ ရောင်းပေမယ့် အခု ရေစည်လှည်းနဲ့ ရေလိုက်ရောင်းသူတွေက လှည်းလိုက်ဆိုရင်သာ ရောင်းချင်ကြတယ်။ တချို့အိမ်တွေဆိုရင် တစ်နေ့ကို ရေသန့်နဲ့ ရေစည်ဖိုးတင် ငွေကျပ် ၂၅၀၀ လောက်ကုန်နေကြရတယ်။ ယုဇနဥယျာဉ်မြို့တော်က အခြေခံလူတန်းစား များပြီး အိမ်ဈေးနှုန်းတွေက မြို့တွင်းထက် သက်သာပေမယ့် ရေဖိုးထည့်ပေါင်းကြည့်မယ်ဆိုရင် မြို့လယ်ကောင်အိမ်ငှားခကိုတောင် မီနိုင်တော့မယ်" ဟု ယုဇနဥယျာဉ်မြို့တော်အတွင်း နေထိုင်သူများက ရင်ဖွင့်ပြောပြသည်။

အဆိုပါအိမ်ရာ၌ နေထိုင်ကြသူအများစုမှာ လက်လုပ်လက်စားနှင့် ဝန်ထမ်းအများစုဖြစ်ပြီး နေအိမ်ဈေးနှုန်းများ သက်သာခြင်း၊ သွားလာရေးအတွက် ခရီးသည်တင်ဘတ်စ်ကားများ လွယ်ကူခြင်းတို့ကြောင့် လူနေထူထပ်သော်လည်း နေထိုင်သူများမှာ ရေကောင်းမွန်စွာရရှိနိုင်ရန် မျှော်လင့်နေကြကြောင်းသိရသည်။

"ရေခွန်က တစ်လချင်းမှန်မှန် ပေးဆောင်ရတယ်။ လကျော်တာနဲ့ ရေလာပိတ်သွားရော။ ဒါပေမယ့် အဲဒီရေက လူချိုးရင် အသားအရေ ညစ်လာမယ်။ ယားတာ၊ အညိုကွက်တွေဖြစ်တာတွေရှိတယ်။အဝတ်လျှော်တော့လည်း အထည်တွေ အရောင်ပျက်စီးတယ်။ ကျောင်းအင်္ကျီများ ထည့်မလျှော်နဲ့၊ တစ်ခါတည်း ဝါကြင်သွားရော၊ သောက်မိရင်တော့ ဘယ်လောက်တောင်ထိခိုက်မလဲ မပြောတတ်ဘူး။ တော်ရုံဆေးတာ ကြောတာနဲ့ အိမ်သာသုံးလောက်ပဲ သဘောထားနေကြရတာ။ ကျန်တာအကုန်ရေအတွက် ပိုက်ဆံထပ်လိုက်နေရတယ်"ဟု ရွှေကြီးမင်း ကွန်ပျူတာဆိုင်ပိုင်ရှင်က သူ့အတွေ့အကြုံကို ပြောပြသည်။ ယုဇနဥယျာဉ်မြို့တော်သို့ ယခုကဲ့သို့ နွေရာသီရောက်ရှိလာချိန်တွင် သောက်သုံးရန်နှင့် အသုံးပြုရန် ရေသန့်များအား အန်ဂျီအိုအချို့မှ လာရောက်ကာ ရေလှူဒါန်းမှုများ ပြုလုပ်ပေးလေ့ရှိကြောင်းသိရှိရသည်။

သွန်းဝသန်

ထူးခြားသည့် နေ့အပူချိန်

ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

6-3 (08-09).pmd 1 3/6/2012, 3:28 AM

၊ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ပြုသော ပရိသတ်များက ကိုးပါးသီလခံယူ (သတင်းစဉ်)

ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနား အပြီးတွင်

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျိုက်ပိကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံ ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်တို့က ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ညွှန့်ပရိသတ်များက အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ညွှန့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး များ ထံ လှူဖွယ် ဝတ္ထုပစ္စည်း များကို ဆက်ကပ် လှူဒါန်းစဉ်။
(သတင်းစဉ်)

မိုဘိုင်းတယ်လီဖုန်းများ ရောင်းချရာတွင် ဈေးနှုန်းများကို ပထမအဆင့်အနေဖြင့် GSM တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ WCDMA တစ်လုံး ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ရောင်းချပေးမည်

နေပြည်တော် မတ် ၅

မိုဘိုင်းတယ်လီဖုန်းများရောင်းချရာတွင် မိမိတို့ဒေသရှိ အမှန်တကယ် သုံးစွဲလိုသော ဒေသခံပြည်သူများ လက်ဝယ်သို့ မိုဘိုင်းဖုန်းများ ရောက်ရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဆက်သွယ်ရေးမန်နေဂျာများနှင့် ၎င်းဒေသတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများက မည်သို့ရောင်းချမည်ကို ပူးပေါင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ရောင်းချရာတွင်လည်း ဒေသအတွင်း တည်ဆောက်ထားသော ရေဒီယိုစခန်း၏ Coverage Area အတွင်း နေထိုင်ကြသည့် ပြည်သူလူထုများကို ဦးစားပေးသုံးစွဲခွင့်ရရှိရေး အဓိကထားကြိုးကြပ်စေလိုကြောင်းဖြင့် ယနေ့တွင် ကျင်းပသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပို့ဆောင်ရေးဝန်ကြီးများ GSM / UMTS မိုဘိုင်းတယ်လီဖုန်း ရောင်းချရေး ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ရုံးနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း Postpaid/ Prepaid မိုဘိုင်းဖုန်းများအားလုံးအတွက် မတ် ၁၄ ရက်မှစတင်ပြီး ပြည်တွင်းခေါ်ဆိုခ နှုန်းထားများကို ည ၁၁ နာရီမှ နံနက် ၇ နာရီအတွင်း ခေါ်ဆိုမှုများအတွက် လက်ရှိနှုန်းထား၏ ထက်ဝက် (တစ်မိနစ်လျှင် ၂၅ ကျပ်) နှုန်းဖြင့် လျှော့ချပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ပြီး ဖြစ်ကြောင်း၊ ယခုမိုဘိုင်းတယ်လီဖုန်းများကို ရောင်းချရာတွင်လည်း ဈေးနှုန်းကို ပထမအဆင့်အနေဖြင့် GSM တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ WCDMA တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ ဆက်သွယ်ရေး အခြေခံအဆောက်အအုံ Infrastructure များ ပြီးပြည့်စုံလာသည်နှင့်အမျှ တပ်ဆင်ခနှုန်းထားများသည် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ဖြစ်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း စီမံကိန်းမန်နေဂျာက မိုဘိုင်းတယ်လီဖုန်းများ ရောင်းချမည့်အစီအစဉ် အသေးစိတ်ကို တင်ပြသည်။

ထပ်မံကြေညာသွားမည်

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် GSM / UMTS မိုဘိုင်းတယ်လီဖုန်းများ ရောင်းချမည့်အစီအစဉ် အသေးစိတ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပို့ဆောင်ရေးဝန်ကြီးများ GSM / UMTS မိုဘိုင်းတယ်လီဖုန်း ရောင်းချရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ရေအတွက် ပိုက်ဆံထပ်လိုက်နေရတယ်”ဟု ရွှေကျီးမင်း ကွန်ပျူတာဆိုင်ပိုင်ရှင်က သူ့အတွေ့အကြုံကို ပြောပြသည်။ ယုဇနဥယျာဉ်မြို့တော်သို့ ယခုကဲ့သို့ နွေရာသီရောက်ရှိလာချိန်တွင် သောက်သုံးရန်နှင့် အသုံးပြုရန် ရေသန့်များအား အန်ဂျီအိုအချို့မှ လာရောက်ကာ ရေလှူဒါန်းမှုများ ပြုလုပ်ပေးလေ့ရှိကြောင်းသိရှိရသည်။ **သွန်းဝသန်**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်)
(အဖိတ်နေ့)
၆-၃-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၅၀	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၄၅	ခါနွေဆန်းစ တပေါင်းလ

ညပိုင်း

၄:၃၀	**ဝါသီးက ရွှေသီးဖြစ်ပြီ**
၅:၀၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅:၅၀	ရောင်စုံရေးသီတေးပန်းချီ
၆:၀၀	ညနေခင်းသတင်း
၆:၁၅	မိုးလေဝသအခြေအနေ
၇:၄၀	ကားနှင့်ရထားလမ်းနှစ်သွယ် ယှဉ် တံတားဆင်ဖြူရှင် **ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ) ချိုမြိန်ရသာမုန့်ကမ္ဘာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

နေပြည်တော် မတ် ၅

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၈) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့က မေးခွန်း (၁၁) ခု မေးမြန်းခြင်းနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ကချင်ပြည်နယ်၏ "၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း" နှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ "၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း" ကို အတည်ပြုချက် ရယူခြင်း၊ စတုတ္ထနေ့က တင်သွင်းခဲ့သော အဆို (၂)ခုကို ဆွေးနွေးခြင်း၊ ကချင်ပြည်နယ်၏ "၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်း"နှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် "၂၀၁၂ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်း"ကို လွှတ်တော်သို့ အတည်ပြုချက်ရယူရန် တင်သွင်းခြင်း၊ ဆွေးနွေးမည့်ရက် ကြေညာခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ CP Open တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ Myanmar CP Co.,Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် Myanmar CP Open တင်းနစ်ပြိုင်ပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများအဖြစ် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး (Mix Double) နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်နှင့် ၁၆ နှစ်နှင့်အောက် လူငယ်တစ်ဦးချင်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲအတွက် ခရီးစရိတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ပြင်ပမှ လာရောက်ယှဉ်ပြိုင်သောအသင်းများအား တစ်သင်းလျှင် ငွေကျပ် ၃၅၀၀၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်ယှဉ်ပြိုင်သောအသင်းများအား တစ်သင်းလျှင်ငွေကျပ် ၅၀၀၀၀ ထောက်ပံ့မည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကလပ်အသင်းများအတွက် ယခင်နှစ်များနှင့်မတူ အခွင့်အရေး ပိုမိုရရှိစေရန် ပြိုင်ပွဲပွဲစဉ်များ စီစဉ်ဆောင်ရွက်ပေးမည်။ လူငယ်ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများအား ခရီးစရိတ်နှင့် နေထိုင်စားသောက်ရေးများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဟုသိရသည်။

မတ် ၁၆ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲစည်းကမ်းများနှင့် သိလိုသည်များကို ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၃၈၁၉၉၂ လိုင်းခွဲ(၀)၊ ၀၉-၇၃၁၂၂၄၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ဆုကြေးငွေကျပ်သိန်းသုံးဆယ်ခန့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဗိုလ်မှူးတင်အောင်(ငြိမ်း) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းဆေး ပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မြင့် လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၀)ရပ်ကွက် မြေမှာရုံလမ်းနေ ဦးသာထွန်းက ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)သို့ အလှူငွေကျပ်နှစ်သိန်းတစ်သောင်းကို ဖေဖော်ဝါရီ ၂၀ ရက်က လှူဒါန်းရာ အသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစံသိန်း လက်ခံယူစဉ်။ (မြန်မာ့အလင်း)

သံလမ်းတံခါးဖွင့်ထားသဖြင့် ဖြတ်မောင်းလာသော ကုန်တင်ယာဉ်နှင့် ရန်ကုန်-မန္တလေး အမှတ်(၂)အစုန်ရထားတိုက်မိ ရထားစီးခရီးသည်သုံးဦးနှင့် ကုန်တင်ယာဉ်မောင်းတို့ ဒဏ်ရာအနည်းငယ်စီရရှိ သက်ဆိုင်ရာက အမြန်ပြုပြင်ခဲ့သဖြင့် ရထားများ ပုံမှန်ပြန်လည်သွားလာနိုင်ပြီ

နေပြည်တော် မတ် ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ရထားလမ်းနှင့် ကားလမ်းဆုံတွင် ရထားလမ်းကို ဖြတ်သန်းလာသော နီဆန်း(၁၂)ဘီး ကုန်တင်ယာဉ်နှင့် ရန်ကုန်-မန္တလေး အမှတ်(၂)အစုန်ရထားတိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၂ နာရီ ၅ မိနစ်ခန့်တွင် ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ် ၁၁၁/၁ အနီး ရထားလမ်းနှင့် ကားလမ်းဆုံတွင် သံလမ်းတံခါးဖွင့်ထားသဖြင့် ရထားလမ်းကို ဖြတ်သန်းလာသော ယာဉ်မောင်းစိုးလှဦး မောင်းနှင်သည့် နီဆန်း(၁၂)ဘီး ကုန်တင်ယာဉ်နှင့် ရန်ကုန်-မန္တလေး အမှတ်(၂)အစုန် ရထားတို့တိုက်မိပြီး ကုန်တင်ယာဉ်မှာ သံလမ်းပေါ်၌ ပေ ၂၀၀ ခန့် ဒယဉ့်တိုက်ပါသွားခဲ့ကြောင်း။

ထိုသို့တိုက်မိမှုကြောင့် ရထားစက်ခေါင်းအမှတ် DF-1347 သည် တွဲဆက်ပြုတ်ကာ သံလမ်း၏ ဝဲဘက်ခြမ်းမှ အကျယ်ပေ ၅၀ ခန့်နှင့် အနက် ၁၀ ပေခန့်ရှိ မြောင်းထဲသို့ ကျသွားခဲ့ပြီး လူစီးတွဲအမှတ်(၁)၏ ရှေ့ယာဘက်ထောင့်တွင်သာ အနည်းငယ်ပိန်ချိုင့်ခဲ့ကြောင်း၊ နီဆန်းကုန်တင်ယာဉ်မှာ ရှေ့လေကာမှန်ကွဲခြင်း၊ ဖရိမ်တန်းကျိုးပြတ်ခြင်း၊ ကိုယ်ထည်ပိန်ရှုံ့ခြင်းနှင့် ရှေ့တာယာနှစ်လုံးကွဲခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း၊ ရထားစီးခရီးသည်တစ်ဦး ဝဲပေါင်ကျိုး၊ ဝဲမျက်လုံးအောက်ပွန်းပဲ့ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ကျန်ခရီးသည်နှစ်ဦးနှင့် နီဆန်းယာဉ်မောင်းတို့မှာ ဖူးရောင်ပွန်းပဲ့ ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်တံခါးပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ကြောင်း။

၄င်းနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ခန့်တွင် တောင်ငူဘူတာမှ ရောက်ရှိလာသည့်ကရိန်းဖြင့် ရထားလမ်းပေါ် ပိတ်နေသည့် ကုန်တင်ယာဉ်အား ဖယ်ရှားခဲ့ပြီး ရန်ကုန်မှ မောင်းနှင်လာသည့် အခြားစက်ခေါင်းဖြင့် ယာဉ်တိုက်မှုပါ ရထားတွဲ (၁၂) တွဲအား ဆွဲယူသွားခဲ့သဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် ရထားများပုံမှန်ပြန်လည်သွားလာနိုင်ခဲ့ကြောင်းနှင့် အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီဆန်း(၁၂)ဘီး ကုန်တင်ယာဉ်နှင့် ရန်ကုန်-မန္တလေး အမှတ်(၂)အစုန်ရထားတို့ တိုက်မိကာ သံလမ်းပေါ်၌ ကုန်တင်ယာဉ် ပေ ၂၀၀ ခန့် ဒယဉ့်တိုက်ပါသွားပြီးနောက် တွေ့ရစဉ်။ (၁၂၅)

ကျောက်တံခါး၌ စာပေဟောပြော

ကျောက်တံခါး မတ် ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာအုပ်စု၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေး အမှတ်(၉၁) သစ်စက်နှင့် စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ကြီးမှူး၍ ဒသမအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ည ၇ နာရီက အဆိုပါသစ်စက်ရှေ့ရှိ ကွင်းပြင်၌ကျင်းပရာ အခမ်းအနားတွင် ဖဒိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းလင်း၊ အမှတ်(၉၁) သစ်စက် စက်ရုံမှူး ဦးနိုင်လင်းအောင်တို့က အမှာစကားပြောကြားပြီး စက်ရုံမှူးက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ အလှူငွေကျပ် ငါးသောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ စာရေးဆရာလယ်တွင်းသားစောချစ်က လက်ခံယူသည်။

ထို့နောက် စာရေးဆရာ လယ်တွင်းသားစောချစ်၊ သိပ္ပံမှူးတင်၊ ဒေါက်တာခင်မောင်ညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ **(၁၂၅)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၅

ငွေဆောင်မြို့နယ်ခွဲ၌ ဒို့ကျေးရွာ စာကြည့်တိုက်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ သလပ်ခွာကျေးရွာအုပ်စု ပုဂံဘိုကျေးရွာ ဒို့ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့်သိက္ခာတော်ရဆရာတော် ဦးစောခနိုတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ***(ယာဗုံ)*** *ဖွင့်လှစ်ပေးကြသည်။*

လက်ခံယူခဲ့

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦး၊ ငွေဆောင်မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းတို့က သုတ၊ ရသ စာအုပ်မျိုးစုံလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးစောခနိုက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး မအူပင်၌ဆောင်ရွက်

ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို မအူပင်မြို့ ကျုံနတ္တော်ကျေးရွာရှိ ဆရာကြီးဦးဟံသွန့်အမှတ်တရ မြတ်ဆရာ စာကြည့်တိုက်တွင် မတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက် မတည်အလှူရှင် ဦးစိုးတင့်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းပြောကြားကာ ပန်းချီ၊ ကာတွန်းနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

မြန်မာနိုင်ငံ စာကြည့်တိုက်များဟောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မီဒီယာလုပ်ငန်းများတိုးတက်အောင် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ အောင်အောင်မြင်မြင်ထုတ်လွှင့်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ခဲ့သည့်အပြင် မီဒီယာလွှမ်းခြုံမှုတွင်လည်း ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် မတ် ၅

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၄၅)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြခြင်း၊ ဝမ်းနည်းကြောင်းအဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြခြင်းကဏ္ဍ ၌ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၌ ဖေဖော်ဝါရီ ၇ ရက်မှ မတ်လ ၁ ရက်အထိ ဆွေးနွေးခဲ့ပြီးဖြစ်သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘော ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး (၁၀)ဦးက ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် **နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ရာ၌ အသေးစိတ်စိစစ်ဆောင်ရွက်ရန်၊ ဥပမာအားဖြင့် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် ဒေသအလိုက် ကုန်ကျစရိတ်ကွာခြားနိုင်သဖြင့် ပြန်လည်စိစစ်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများနှင့် ပတ်သက်၍ ကုန်ကျစရိတ် တွက်ချက်ရာတွင် ဒေသန္တရဈေးနှုန်းများအတိုင်း တွက်ချက်ဆောင်ရွက်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလမ်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ဒေသက တာဝန်ယူဖောက်လုပ်ရပြီး နိုင်ငံတော်က မြေလမ်းတစ်မိုင်လျှင် ကျပ်(၉)သိန်း၊ ကျောက်လမ်းတစ်မိုင်လျှင် ကျပ်သိန်း(၃၀)၊ ကတ္တရာလမ်းတစ်မိုင်လျှင် ကျပ်သိန်း(၆၀) စသည့် မူသေနှုန်းထားများအတိုင်း ထောက်ပံ့ခွင့်ပြုပေးပါကြောင်း။

လမ်းသစ်များ ပြုပြင်ထိန်းသိမ်းခြင်းသည် လမ်းသစ်များကို ယခုဖောက် ယခုပျက်ဆိုသည့် သဘောမျိုး သက်ရောက်နေသဖြင့် လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် လမ်းဟောင်းများ ထိန်းသိမ်းခြင်းဖြစ်ရန် ဆွေးနွေးခဲ့မှုနှင့် စပ်လျဉ်း၍ စာစီစာရိုက်များယွင်းမှုကြောင့် ထိုသို့ ဖြစ်ရခြင်းဖြစ်ပြီး အမှန်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းအဟောင်းများ ပြင်ဆင်ထိန်းသိမ်းရန်အတွက် ဖြစ်ပါကြောင်း။

အခြားဟူသော ဥပဒေခေါင်းစဉ်တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ဆောင်ရွက်လျက်ရှိသဖြင့် တိကျသောခေါင်းစဉ်ဖြင့် ဖော်ပြရန်ဆွေးနွေးခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်စတင်မည့် အကြီးစားစက်မှုစီမံကိန်းများအားလုံး ရပ်ဆိုင်းထားသင့်ကြောင်း ဆွေးနွေးခဲ့မှုနှင့်စပ်လျဉ်း၍ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးချေးငွေဖြင့် ဆောင်ရွက်သော စီမံကိန်းများဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ချေးငွေသဘောတူညီမှုများ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ စီမံကိန်းများကို ရပ်ဆိုင်းခြင်းဖြင့် ယင်းချေးငွေများကို အခြားလွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်ပါကြောင်းနှင့် ဘတ်ဂျက်သဘောအရလည်း ပိုငွေမထွက်ပေါ်လာနိုင်ကြောင်း၊ စက်မှုဖွံ့ဖြိုးမှု၊ နည်းပညာဖွံ့ဖြိုးမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုတို့ကို ပြိုင်တူဆောင်ကြဉ်းပေးနိုင်မည့် စီမံကိန်းဖြစ်သကဲ့သို့ ကြီးမားကျယ်ပြန့်သော အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံပိုင်အနေဖြင့် ထာဝရရပ်တည်ရမည့် စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် ဖက်စပ်ပိုင်၊ အများပိုင်အဖြစ်ကူးပြောင်းဆောင်ရွက်နိုင်သော စီမံကိန်းဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များအပေါ် အလေးအနက်ထား၍ နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံထူထောင်ရေးအတွက် စီမံဆောင်ရွက်သော စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည့်အားလျော်စွာ ပြည်သူ့ကိုယ်စားလှယ်များက ဆင်ခြင်သုံးသပ်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်ပစ္စည်းဝယ်ယူရမှုများ လျှော့ချနိုင်ရန်၊ အခြားပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ***စာမျက်နှာ ၃ ကော်လံ ၁ ✻***

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း လူမှုစီးပွားသတင်းပဒေသာ သွန်းဝသန် - ရေးသားသည်

ရေ....ရေ....ရေ....ရေနှင့် ရွှေ

ရန်ကုန် မတ် ၅

နွေဦးရာသီ ရောက်ရှိလာပြီဖြစ်ရာ ရန်ကုန်မြို့စွန် ဆိပ်ကမ်းရပ်ကွက်အချို့ သောက်သုံးရေရရှိရန် အခက်အခဲများရှိလာနေကြောင်း သိရှိရသည်။ "ဒီမှာက ရေလုံးဝ မကောင်းဘူး။ နွေရာသီရောက်မှာကို အားလုံးက ကြောက်နေကြတာ။ ယုဇနမှာကို ပေးတဲ့ ရေက ဂျိုးဖြူရေလိုမျိုးမဟုတ်ဘူး။ တကယ့်ကို သံချေးရေပဲ။ အရောင်ကလည်း အဝါရောင်၊ တစ်ခါတလေဆိုရင် အနှစ်တွေတောင်ပါလာတတ်တယ်။ ယုဇနကလူတွေက အရင်ကတည်းက ဒီရေနဲ့ အသားကျနေပြီးသားဆိုပေမယ့် အခုနောက်ပိုင်းမှာ လက်ဆေး၊ ပန်းကန်ဆေးဖို့အတွက်တောင် ရေက တော်တော်လေးကို မကောင်းဘူးဖြစ်နေတာ။ အများစုက သောက်တာနဲ့ ထမင်းဟင်းချက်တာကို ရေသန့်ပဲ အားကိုးကြရတယ်။ တစ်ဘူးကို ကျပ် ၄၀၀ နဲ့ တစ်နေ့ကို နှစ်ဘူးလောက်ကတော့ အိမ်ထောင်စုတစ်စုမှာ လိုအပ်တယ်"ဟု ယုဇနဥယျာဉ်မြို့တော်ရှိ နေထိုင်သူတစ်ဦးက ပြောကြားသည်။ "လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ ဒီမှာ အဝီစိတွင်းရေတွေ တော်တော်ကို ခေတ်စားလာတယ်။ တွင်းတူးပြီး ရေရောင်းစားကြတာ။ ကျွန်မတို့လည်း အဝီစိတွင်းရေကို အားထားနေရတယ်။ မိသားစုစားဝတ်နေရေးက တစ်ဖက်ဆိုတော့ ရေသန့်ချည်းပဲလည်း မသုံးနိုင်လို့လေ။ ရေဘုံပိုင်ကလာတဲ့ရေထက်တော့ အဝီစိရေက ***စာမျက်နှာ ၈ ကော်လံ ၄ ◆***

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် မွေးမြူပြသထားသော ဆင်မများက ဆင်ကလေးများ ပေါက်ဖွား စာ-၄

စနေဂြိုဟ်၏ အရံလတစ်စင်းအနီး အောက်ဆီဂျင်များ တွေ့ရှိ စာ-၅

လွန်ခဲ့သော နှစ် ၁၀၀၀၀ ကျော်က ကျောက်ခေတ်သုံး အမဲလိုက်လက်နက်များ အမေရိကန်၌တွေ့ရှိ စာ-၅

တိုက်စစ်မှူး စီရိုနယ်ဒို ဂိုးပေါင်း(၃၀)မြောက် သွင်းယူနိုင်ခဲ့ပြီ

မက်ဒရစ် မတ် ၅

ရီးရဲမက်ဒရစ်နှင့် အက်စ်ပန်ညိုအသင်းတို့သည် မတ် ၄ ရက်က စပိန်လာလီဂါပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်က ငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

ယင်းပွဲတွင် ရီးရဲမက်ဒရစ် တိုက်စစ်မှူး စီရိုနယ်ဒို **(အောက်ပုံ)**က ယခုနှစ်ရာသီအတွက် ဂိုးပေါင်း (၃၀)မြောက်အဖြစ် သွင်းယူခဲ့သည်။ စီရိုနယ်ဒိုသည် ပြီးခဲ့သည့်နှစ်က ဂိုးပေါင်း ၄၀ သွင်းယူပြီး ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယင်းပွဲ အနိုင်ရလိုက်သဖြင့် ပြိုင်ဘက် ဘာစီလိုနာထက် ၁၀ မှတ် အသာဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**